**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၄၃ / ၂၀၂၄**

**၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်**

**( ၂၀၂၄ ခုနှစ် ၊ ဇွန်လ ၄ ရက် )**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် တီထွင်မှုမူပိုင်ခွင့်ဥပဒေပုဒ်မ ၁၁၉ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၁) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာနည်းဥပဒေများ ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် တီထွင်မှုမူပိုင်ခွင့်ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ တီထွင်မှုမူပိုင်ခွင့်ဥပဒေကို ဆိုသည်။

(ခ) **လျှောက်ထားသူ** ဆိုသည်မှာ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှု မူပိုင်ခွင့်နှင့် သက်ဆိုင်သည့် မည်သည့်လျှောက်ထားချက်တွင်မဆို လျှောက်ထားသူနေရာတွင် အမည်ထည့်သွင်း ဖော်ပြသူကို ဆိုသည်။

(ဂ) **အပြည်ပြည်ဆိုင်ရာ တီထွင်မှုမူပိုင်ခွင့် အမျိုးအစားခွဲခြားခြင်း (International Patent Classification- IPC)** ဆိုသည်မှာ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်မှတ်ပုံတင်ခြင်းအတွက် နောက်ဆုံးပြင်ဆင်ပြောင်းလဲထားသည့် စထရက်စ်ဘာ့ဂ် သဘောတူညီချက် (၁၉၇၁ ခုနှစ်) (Strasbourg Agreement, 1971) အရ တီထွင်မှုမူပိုင်ခွင့် အမျိုးအစားခွဲခြားခြင်းကို ဆိုသည်။

(ဃ) **ကန့်ကွက်သူ** ဆိုသည်မှာ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ဥပဒေပုဒ်မ ၃၃ နှင့် ဥပဒေပုဒ်မ ၈၄ ပုဒ်မခွဲ(က) တို့အရ ကန့်ကွက်လွှာတင်သွင်းသူကို ဆိုသည်။

(င) **ကိုယ်စားလှယ်** ဆိုသည်မှာ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လျှောက်ထားသူ၊ ကန့်ကွက်သူ၊ အခွင့်အရေးရရှိသူ၊ အကျိုးသက်ဆိုင်သူ သို့မဟုတ် အယူခံလျှောက်ထားသူ တစ်ဦးဦး၏ ကိုယ်စား ဆောင်ရွက်ရန် နည်းဥပဒေ ၁၀၁ အရ လွှဲအပ်သည့် ကိုယ်စားလှယ်ကို ဆိုသည်။ ယင်းစကားရပ်တွင် တီထွင်မှုမူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ်လည်း ပါဝင်သည်။

(စ) **တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင်ကိုယ်စားလှယ်** ဆိုသည်မှာ ဦးစီးဌာနက ထုတ်ပေးသည့် တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင်ကိုယ်စားလှယ် မှတ်ပုံတင်လက်မှတ် ရရှိသူကို ဆိုသည်။

(ဆ) **အခကြေးငွေ** ဆိုသည်မှာ အေဂျင်စီက ဗဟိုကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သည့် ဥပဒေနှင့် ဤနည်းဥပဒေများအရ ပေးသွင်းရမည့် အခကြေးငွေကို ဆိုသည်။ ယင်းစကားရပ်တွင် နှစ်စဉ်ကြေးနှင့် ရက်လွန်ကြေးလည်း ပါဝင်သည်။

(ဇ) **ပုံစံ** ဆိုသည်မှာ ဥပဒေအရ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် လျှောက်လွှာပုံစံကို ဆိုသည်။

(ဈ) **မှတ်ပုံတင်ခြင်း** ဆိုသည်မှာ လျှောက်ထားသည့် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်း၍ စစ်ဆေးရေးအရာရှိက ယင်းလျှောက်ထားချက်ကို စစ်ဆေးပြီးနောက် သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြမှုအပေါ် မှတ်ပုံတင်အရာရှိက စိစစ်၍ မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး မှတ်ပုံတင်ခြင်းကို ဆိုသည်။

(ည) **မှတ်ပုံတင်စာရင်း** ဆိုသည်မှာ မှတ်ပုံတင်အရာရှိက တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစား တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်းအပါအဝင် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်နှင့်သက်ဆိုင်သော အချက်အလက်များကို အီလက်ထရောနစ် နည်းလမ်းအပါအဝင် နည်းလမ်းတစ်မျိုးမျိုးဖြင့် မှတ်တမ်းတင်ထားရှိသည့် စာရင်းကို ဆိုသည်။

## အခန်း (၂)
## တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားခြင်း

၃။ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူသည် လျှောက်ထားချက်ကို မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြပြီး အခကြေးငွေ ပေးသွင်းပြီးကြောင်း အထောက်အထားပူးတွဲ၍ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှု မူပိုင်ခွင့် ခွင့်ပြုပေးရန် လျှောက်ထားခြင်းပုံစံ PT/UM-1 ဖြင့် ဦးစီးဌာနက သတ်မှတ်သည့် အီလက်ထရောနစ်စနစ်ဖြင့် ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။

၄။ လျှောက်ထားချက်တွင် အောက်ပါတို့ ဖော်ပြပါရှိရမည်-

(က) တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် ခွင့်ပြုပေးရန် တောင်းဆိုချက်၊

(ခ) လျှောက်ထားသူ၏ အမည်၊ နိုင်ငံသားနှင့် နေရပ်လိပ်စာအပြည့်အစုံ၊

(၁) ပုဂ္ဂိုလ်တစ်ဦးချင်း အမည်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင် အဆိုပါ ပုဂ္ဂိုလ်၏ အမည်၊ နိုင်ငံသား၊ နေရပ်လိပ်စာအပြည့်အစုံ သို့မဟုတ် တရားဝင်ဖွဲ့စည်း ထားသော အဖွဲ့အစည်းအမည်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင် အဆိုပါအဖွဲ့ အစည်း၏ အမည်၊ မှတ်ပုံတင်အမှတ်၊ အမျိုးအစား၊ အဖွဲ့အစည်းတည်ထောင်ရာ နိုင်ငံအမည်နှင့် လိပ်စာအပြည့်အစုံ၊

(၂) တစ်ဦးထက်ပို၍ လျှောက်ထားခြင်းဖြစ်လျှင် ဆက်သွယ်ဆောင်ရွက်ရမည့် လျှောက်ထားသူ၏ အမည်၊ နိုင်ငံသားနှင့် နေရပ်လိပ်စာအပြည့်အစုံ၊ (ပူးတွဲ လျှောက်ထားသူများ၏ အမည်၊ နိုင်ငံသားနှင့် နေရပ်လိပ်စာအပြည့်အစုံတို့ကို ပုံစံတွင် နောက်ဆက်တွဲ-၁ ဖြင့် ပူးတွဲဖော်ပြရမည်။)

(ဂ) တီထွင်သူ၏ အမည်၊ နိုင်ငံသားနှင့် နေရပ်လိပ်စာအပြည့်အစုံ၊

(၁) တီထွင်သူတစ်ဦးထက်ပိုပါက တီထွင်သူများ၏ အမည်၊ နိုင်ငံသားနှင့် နေရပ် လိပ်စာ အပြည့်အစုံ၊ (ပုံစံတွင် နောက်ဆက်တွဲ-၂ ဖြင့် ပူးတွဲ ဖော်ပြရမည်။)

(၂) လျှောက်ထားသူသည် တီထွင်သူဖြစ်ပါက လျှောက်ထားချက်တွင် တီထွင်သူ ဖြစ်ကြောင်း ဖော်ပြချက်၊

(၃) လျှောက်ထားသူသည် တီထွင်သူမဟုတ်ပါက လျှောက်ထားခွင့်ရှိသူဖြစ်ကြောင်း ဖော်ပြချက်၊ (တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားခွင့်ရှိသူဖြစ်ကြောင်း ဖော်ပြချက်ပုံစံ PT/UM-1(a) တွင် ဖြည့်သွင်း၍ အထောက်အထား ပူးတွဲတင်ပြရမည်။ )

(ဃ) လျှောက်ထားသူသည် ကိုယ်စားလှယ်လွှဲအပ်၍ လျှောက်ထားခြင်းဖြစ်လျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊ တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင် ကိုယ်စားလှယ်မှတ်ပုံတင်လက်မှတ်အမှတ်(ရှိလျှင်)၊ (ကိုယ်စားလှယ်လွှဲအပ်လွှာပုံစံ PT/UM - 2 ကို ပူးတွဲတင်ပြရမည်။)

(င) နည်းဥပဒေ ၈ နှင့်အညီ ပြည့်စုံစွာ ဖော်ပြထားသော တီထွင်မှုဆိုင်ရာဖော်ပြချက်၊

(စ) နည်းဥပဒေ ၉ နှင့်အညီ ဖော်ပြထားသည့် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက်များ၊

(ဆ) တီထွင်မှုအမည်နှင့် နည်းဥပဒေ ၁၃ နှင့်အညီ ဖော်ပြထားသည့် တီထွင်မှုဆိုင်ရာ အကျဉ်းချုပ်ဖော်ပြချက်၊

(ဇ) လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်၏လက်မှတ်၊ အမည်အပြည့်အစုံနှင့် လက်မှတ်ရေးထိုးသည့် ရက်စွဲ၊

(၁) ပူးတွဲလျှောက်ထားခြင်းဖြစ်လျှင် ကျန်ပူးတွဲလျှောက်ထားသူများအားလုံး၏ ကိုယ်စားတစ်ဦး၏ လက်မှတ်၊

(၂) တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းအတွက် လျှောက်ထားခြင်းဖြစ်လျှင် လက်မှတ်ရေးထိုးခွင့်ရှိကြောင်း အထောက်အထားပါရှိသူ၏ လက်မှတ်။

၅။ လိုအပ်ပါက လျှောက်ထားချက်နှင့်အတူ အောက်ပါတို့ကို ပူးတွဲတင်ပြရမည်-

(က) လျှောက်ထားသူတွင် အရေးပါသည့် စက်မှုလက်မှုလုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်းရှိပါက ယင်းတို့၏ လိပ်စာနှင့် နိုင်ငံအမည်တို့ပါရှိသည့် အထောက်အထား၊

(ခ) လျှောက်ထားသူသည် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းအတွက် လျှောက်ထားခြင်းဖြစ်လျှင် အဆိုပါအဖွဲ့အစည်း၏ မှတ်ပုံတင်လက်မှတ်မိတ္တူနှင့် ယင်းအဖွဲ့အစည်းအတွက် လက်မှတ်ရေးထိုးခွင့်ရှိကြောင်း သက်သေခံအထောက်အထား၊

(ဂ) ပူးတွဲလျှောက်ထားသူများအနက်မှ တစ်ဦးဦးက ပူးတွဲလျှောက်ထားသူများအားလုံး၏ ကိုယ်စားလျှောက်ထားချက်ကို လက်မှတ်ရေးထိုးထားခြင်းဖြစ်လျှင် ကျန်ပူးတွဲလျှောက်ထားသူများ၏ စာဖြင့်ရေးသားထားသည့် သဘောတူညီချက်၊

(ဃ) တီထွင်မှုကို နားလည်သဘောပေါက်စေရန် ရေးဆွဲချက်များရှိလျှင် နည်းဥပဒေ ၁၂ နှင့်အညီ ဖော်ပြထားသည့် ရေးဆွဲချက်များ၊

( င ) ဦးစားပေးအခွင့်အရေးရရှိရန် တောင်းဆိုလျှင် ယင်းနှင့်သက်ဆိုင်သည့် အထောက်အထား၊

( စ ) ကုန်စည်ပြပွဲဆိုင်ရာဦးစားပေးအခွင့်အရေးရရှိရန် တောင်းဆိုလျှင် ယင်းနှင့်သက်ဆိုင်သည့် အထောက်အထား၊

(ဆ) မျိုးရိုးဗီဇ သို့မဟုတ် ဇီဝအရင်းအမြစ်များနှင့် ထိုအရင်းအမြစ်များနှင့် ပေါင်းစပ်သည်ဖြစ်စေ၊ မပေါင်းစပ်ဘဲဖြစ်စေ တည်ရှိနေသော ရိုးရာအသိပညာတစ်ရပ်ရပ်တို့အား တရားဝင်ရယူသုံးစွဲထားကြောင်းနှင့် တောင်းဆိုထားသော တီထွင်မှုကို ပြုလုပ်ရာတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ယင်းကို အသုံးပြုထားကြောင်း ဖော်ပြချက်နှင့် ယင်းနှင့် သက်ဆိုင်သည့် အထောက်အထား။ (ယင်းသို့ အသုံးပြုထားကြောင်း မျိုးရိုးဗီဇ၊ ဇီဝအရင်းအမြစ်၊ ရိုးရာအသိပညာတို့ ရယူသုံးစွဲထားကြောင်း ဖော်ပြချက် ပုံစံ PT/UM-1(b) တွင် ဖြည့်သွင်း၍ ပူးတွဲတင်ပြရမည်။)

( ဇ ) ဆောလျင်စွာ ထုတ်ပြန်ကြေညာပေးရန် တောင်းဆိုပါက ထိုသို့ကြေညာပေးရန် တောင်းဆိုချက်နှင့် ယင်းတောင်းဆိုချက်အတွက် အခကြေးငွေပေးသွင်းပြီးကြောင်း အထောက်အထား။ ( ယင်းသို့ ကြေညာပေးရန် တောင်းဆိုရာ၌ ဆောလျင်စွာ ထုတ်ပြန်ကြေညာပေးရန် လျှောက်ထားခြင်းပုံစံ PT/UM-1(c) တွင် ဖြည့်သွင်း၍ ပူးတွဲတင်ပြရမည်။)

၆။ ဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ (ဂ) ခြေဆင်းတို့အရ အလုပ်သမားက ပြုလုပ်သည့် တီထွင်မှု သို့မဟုတ် အသေးစားတီထွင်မှုကို အလုပ်ရှင်က လျှောက်ထားခြင်းဖြစ်လျှင် ယင်းတီထွင်မှုနှင့် စပ်လျဉ်းသည့် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်မိတ္တူကိုလည်းကောင်း၊ ဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ (ဂ)ပုဒ်မခွဲငယ် (၁) (၂) (၃)၊ ပုဒ်မခွဲ(ဃ)နှင့် ပုဒ်မခွဲ(င)တို့အရ အလုပ်သမားက ပြုလုပ်သည့် တီထွင်မှု သို့မဟုတ် အသေးစားတီထွင်မှုကို အလုပ်သမားက လျှောက်ထားခြင်းဖြစ်လျှင် ယင်းတီထွင်မှုနှင့်စပ်လျဉ်းသည့် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်မိတ္တူနှင့် လျှောက်ထားခွင့်ရှိသူဖြစ်ကြောင်း အထောက်အထားတို့ကိုလည်းကောင်း လျှောက်ထားချက်နှင့်အတူ ပူးတွဲတင်ပြရမည်။

၇။ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ကို ထုတ်ပြန်ကြေညာရာတွင် တီထွင်သူ၏ အမည်မဖော်ပြစေလိုပါက တီထွင်သူအမည် မဖော်ပြလိုကြောင်း တောင်းဆိုချက်ပုံစံ PT/UM-1(d) တွင် ဖြည့်သွင်း၍ လျှောက်ထားချက်နှင့်အတူ ပူးတွဲတင်ပြရမည်။

၈။ တီထွင်မှုဆိုင်ရာဖော်ပြချက်တွင်-

(က) တီထွင်မှုအမည်ကို ဖော်ပြရမည်။ ယင်းသို့ဖော်ပြရာတွင် တီထွင်မှုအမည်သည် တိုတောင်း ရှင်းလင်းတိကျရမည်။

(ခ) တီထွင်မှုနှင့်သက်ဆိုင်သော နည်းပညာနယ်ပယ်၊ ယခင်ရှိပြီးသား နည်းပညာဆိုင်ရာ အချက်အလက်များ၊ ယခင်ရှိပြီးသား နည်းပညာဆိုင်ရာအချက်အလက်များမှ ရယူ အသုံးပြုသည့် နည်းပညာဆိုင်ရာအချက်အလက်များနှင့် တီထွင်မှု၏ အကျိုးကျေးဇူး တို့ကို ဖော်ပြရမည်။

(ဂ) လျှောက်ထားချက်၌ ရေးဆွဲချက်များရှိလျှင် ယင်းတို့နှင့်သက်ဆိုင်သော အကြောင်း အရာကို အကျဉ်းချုပ် ဖော်ပြရမည်။

(ဃ) သာမန်တတ်ကျွမ်းသူက လုပ်ဆောင်နိုင်သည်အထိ တီထွင်သူသိရှိထားသည့် တီထွင်မှု၏ အကောင်းဆုံးနည်းလမ်းကို ရှင်းလင်းလွယ်ကူသော အသုံးအနှုန်းဖြင့် ဖော်ပြရမည်။ လျှောက်ထားချက်၌ ရေးဆွဲချက်များရှိလျှင် အကောင်းဆုံးနည်းလမ်းကို ဖော်ပြနိုင်သည့် ရေးဆွဲချက်၏ အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြရမည်။

(င) တီထွင်မှု၏ သဘောသဘာဝအရ မည်သည့်အတွက် အသုံးပြုနိုင်ကြောင်း သိသာ ထင်ရှားမှုမရှိပါက အဆိုပါတီထွင်မှုအား အသုံးချနိုင်သည့် နည်းလမ်းနှင့် အသုံးပြု နိုင်သည့် နည်းလမ်းတို့ကို ရှင်းလင်းစွာ ဖော်ပြရမည်။

(စ) အကာအကွယ်ရရှိရန် တောင်းဆိုထားသော တီထွင်မှုကို ပြုလုပ်ရာ၌ နိုင်ငံတော် နယ်နိမိတ်အတွင်းမှ မျိုးရိုးဗီဇ သို့မဟုတ် ဇီဝအရင်းအမြစ်များ၏ ဇစ်မြစ်ကိုသော် လည်းကောင်း၊ အဆိုပါ အရင်းအမြစ်များနှင့် ဆက်စပ်မှုရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ ရိုးရာအသိပညာဆိုင်ရာ အချက်အလက်များကိုသော်လည်းကောင်း ကြိုတင် ခွင့်ပြုချက်မရှိဘဲ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုထားပါက ယင်းသို့ အသုံးပြုထားကြောင်း ဖော်ပြရမည်။

(ဆ) တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော နယူကလီယိုတိုက်နှင့် အမိုင်နိုအက်စစ် ဆက်တန်းများ (nucleotide and Amino acid sequences) ပါဝင်သော တီထွင်မှု ဖြစ်လျှင် ယင်းတီထွင်မှုတွင် အသုံးပြုသည့် ဆက်တန်းအစီအစဉ်စာရင်းကို နိုင်ငံတကာ စံသတ်မှတ်ထားသော ဆက်တန်းအစီအစဉ်စာရင်းနှင့်အညီ ဖော်ပြရမည်။ ယင်းဆက်တန်း အစီအစဉ်စာရင်းကို ဆော့ကော်ပီ(Softcopy) နှင့်အတူ ပူးတွဲတင်ပြရမည်။

၉။ တီထွင်မှုမူပိုင်ခွင့်ပေးရန်တောင်းဆိုချက်တွင်-

(က) အကာအကွယ်ရယူလိုသည့် ထုတ်ကုန် သို့မဟုတ် ထုတ်လုပ်မှုနည်းစဉ်ဆိုင်ရာ တီထွင်မှုကို သီးခြားတောင်းဆိုချက်အဖြစ် တောင်းဆိုရမည်။

(ခ) သီးခြားတောင်းဆိုချက်ပါ တီထွင်မှု၏ အထူးသွင်ပြင်လက္ခဏာရှိသော အစိတ်အပိုင်း တစ်ခုခုကို ထပ်ဆင့်တောင်းဆိုချက်အဖြစ် တောင်းဆိုနိုင်သည်။

(ဂ) တီထွင်မှု၏ အကာအကွယ်ပေးစေလိုသည့် အချက်ကို သတ်မှတ်ဖော်ပြ၍ တောင်းဆိုရမည်။

၁၀။ တီထွင်မှုမူပိုင်ခွင့်ပေးရန်တောင်းဆိုချက်ကိုဖော်ပြရာတွင်-

(က) သီးခြားတောင်းဆိုချက်၌-

(၁) တီထွင်မှု၏ နည်းပညာဆိုင်ရာ ဖြေရှင်းချက်နှင့်စပ်လျဉ်း၍ အဓိကအကြောင်းအရာများနှင့် သက်ဆိုင်သည့် အထူးသွင်ပြင်လက္ခဏာဆိုင်ရာ ဖော်ပြချက် ပါဝင်ရမည်။

(၂) ရှိပြီးသား နည်းပညာကို ပေါင်းစပ်တီထွင်ထားသောတီထွင်မှုဖြစ်ပါက တောင်းဆိုလိုသော ပေါင်းစပ်တီထွင်ထားသည့် ဖော်ပြချက် ပါဝင်ရမည်။ ယင်းသို့ ဖော်ပြရာတွင် ရှိပြီးသားနည်းပညာအပေါ် မည်သို့ပေါင်းစပ်ထားကြောင်း၊ မည်သို့အဆင့်မြှင့်တင်တီထွင်ထားကြောင်း ဖော်ပြချက် ပါဝင်ရမည်။

(ခ) ထပ်ဆင့်တောင်းဆိုချက်၌ သီးခြားတောင်းဆိုချက်တွင် ဖော်ပြထားသည့် နည်းပညာဆိုင်ရာ အထူးသွင်ပြင်လက္ခဏာ အစိတ်အပိုင်းနှင့်စပ်လျဉ်းသည့် ထပ်ဆင့်တောင်းဆိုလိုသော ဖော်ပြချက်များ ပါဝင်ရမည်။ ယင်းသို့ ဖော်ပြရာတွင် ဖော်ပြပြီးဖြစ်သည့် တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက်နံပါတ်ကို ရည်ညွှန်း၍ ဖော်ပြရမည်။

(ဂ) ဇယားများ၊ ဓာတုဗေဒဆိုင်ရာ ဖော်မြူလာ သို့မဟုတ် သင်္ချာဆိုင်ရာ ဖော်မြူလာများဖြင့် ဖော်ပြနိုင်သည်။

(ဃ) ဖော်ပြချက် သို့မဟုတ် ရေးဆွဲချက်များကို ရည်ညွှန်းသည့်စကားရပ်များ၊ ရေးဆွဲချက်များ၊ ဂရပ်များ မပါဝင်စေရ။

၁၁။ (က) သီးခြားတောင်းဆိုချက်တွင် ထုတ်ကုန်အပြင် အဆိုပါ ထုတ်ကုန် ထုတ်လုပ်မှုနည်းစဉ်နှင့် ထုတ်ကုန်အသုံးပြုနည်းတို့ကို တီထွင်မှုတစ်ခုအဖြစ် တောင်းဆိုနိုင်သည်။

(ခ) သီးခြားတောင်းဆိုချက်တွင် ထုတ်လုပ်မှုနည်းစဉ်အပြင် အဆိုပါ ထုတ်လုပ်မှုနည်းစဉ် လုပ်ဆောင်ရန် အထူးပြုလုပ်ထားသည့် ပစ္စည်းကိရိယာတို့ကို တီထွင်မှုတစ်ခုအဖြစ် တောင်းဆိုနိုင်သည်။

(ဂ) သီးခြားတောင်းဆိုချက်တွင် ထုတ်လုပ်မှုနည်းစဉ်အပြင် အဆိုပါ ထုတ်လုပ်မှုနည်းစဉ် လုပ်ဆောင်ရန် အထူးပြုလုပ်ထားသည့် နည်းလမ်းတို့ကို တီထွင်မှုတစ်ခုအဖြစ် တောင်းဆိုနိုင်သည်။

(ဃ) သီးခြားတောင်းဆိုချက်တွင် ထုတ်ကုန်အပြင် အဆိုပါ ထုတ်ကုန်ထုတ်လုပ်မှုနည်းစဉ် နှင့် ထုတ်လုပ်မှုနည်းစဉ် လုပ်ဆောင်ရန် အထူးပြုလုပ်ထားသည့် ပစ္စည်းကိရိယာတို့ကို တီထွင်မှုတစ်ခုအဖြစ် တောင်းဆိုနိုင်သည်။

(င) သီးခြားတောင်းဆိုချက်တွင် ထုတ်ကုန်အပြင် အဆိုပါ ထုတ်ကုန်ထုတ်လုပ်မှုနည်းစဉ် နှင့် ထုတ်လုပ်မှုနည်းစဉ် လုပ်ဆောင်ရန် အထူးပြုလုပ်ထားသည့် နည်းလမ်းတို့ကို တီထွင်မှုတစ်ခုအဖြစ် တောင်းဆိုနိုင်သည်။

၁၂။ ရေးဆွဲချက်များကို ဖော်ပြရာတွင်-

(က) အေဖိုး(A4) အရွယ်အစားရှိ ကြာရှည်ခံသည့် စက္ကူဖြင့် ဖော်ပြရမည်။

(ခ) စက္ကူတွင် အသုံးပြုရေးဆွဲထားသော မျက်နှာပြင်ပတ်လည်အား ဘောင်မခတ်ရ။

(ဂ) မင်အနက်ကိုသုံး၍ မျဉ်းအထူနှင့် ထင်ရှားမှု တူညီစွာ ရေးဆွဲရမည်။

(ဃ) ဖြတ်ပိုင်းပုံများကို ရည်ညွှန်းသင်္ကေတများ၊ အဓိကမျဉ်းများနှင့် ရောထွေးမှုမရှိစေရန် ဖြတ်မျဉ်းများဖြင့် ဖော်ပြရမည်။

(င) စကေးဖြင့်ဖော်ပြပါက စကေးသတ်မှတ်ချက်ကို ထည့်သွင်းဖော်ပြရမည်။ စကေးအချိုး အစားကို သုံးပုံနှစ်ပုံအရွယ်အစား လျှော့ချ၍ ပုံထုတ်လျှင် ပုံပါအချက်အလက် အားလုံးသည် ရှင်းလင်းမှုရှိရမည်။

(စ) ကိန်းဂဏန်းများ၊ အက္ခရာများနှင့် ရည်ညွှန်းသင်္ကေတများသည် ရှင်းလင်းပြတ်သား ရမည်။ ( ကိန်းဂဏန်းများနှင့် အက္ခရာများကို ပူးတွဲ၍ ဖော်ပြရာတွင် ကွင်းခတ်၍ လည်းကောင်း၊ ဝိုင်း၍လည်းကောင်း၊ မျက်တောင်အဖွင့်အပိတ်အတွင်း ထည့်သွင်း၍ လည်းကောင်း ဖော်ပြခြင်း မပြုရ။)

(ဆ) ရှင်းလင်းတိကျမှုရှိစေရေးအတွက် အစိတ်အပိုင်းများကို အချိုးအစား တူညီစွာ ဖော်ပြ ရမည်။

( ဇ ) ပုံများကို စာရွက်တစ်ရွက်ပေါ်၌ဖြစ်စေ၊ စာရွက်များပေါ်၌ဖြစ်စေ အစီအစဉ်တကျ ရှင်းလင်းပြည့်စုံစွာဖော်ပြရမည်။ ထိုသို့ ဖော်ပြရာတွင် တီထွင်မှုနှင့် စပ်လျဉ်းသည့် အစိတ်အပိုင်းအားလုံးကို ပြည့်စုံစွာဖော်ပြရမည်။ ပုံများကို အစဉ်လိုက်အမှတ်စဉ်တပ်၍ ဖော်ပြရမည်။

( ဈ ) စာရွက်များကို အစဉ်လိုက် နံပါတ်စဉ်တပ်၍ ဖော်ပြရမည်။

(ည) တူညီသောအစိတ်အပိုင်းများ၏ ရည်ညွှန်းသင်္ကေတများကို လျှောက်ထားချက်တွင် ပါရှိသော ရည်ညွှန်းသင်္ကေတများနှင့် တူညီစွာ ဖော်ပြရမည်။ သို့ရာတွင် တီထွင်မှု ဆိုင်ရာ ဖော်ပြချက် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက်များတွင် ဖော်ပြမထားသော ရည်ညွှန်းသင်္ကေတများကို ရေးဆွဲချက်တွင် မထည့်ရ။

(ဋ) စာဖြင့်ရေးသားထားသော အကြောင်းအရာများ မပါဝင်စေရ။ ခြွင်းချက်အနေဖြင့် ရေးဆွဲချက်ကို နားလည်စေမည့် စကားလုံးတစ်လုံး သို့မဟုတ် စကားစုတစ်စုကို ထည့်သွင်းဖော်ပြနိုင်သည်။ ( ဥပမာ - "ရေ"၊ "ရေနွေးငွေ့"၊ "အဖွင့်"၊ "အပိတ်"၊"AA ဖြတ်ပိုင်း")

ထို့ပြင် လျှပ်စစ်ဆားကစ်ပုံများ၊ ဘလော့ပုံစံ သို့မဟုတ် လုပ်ငန်းစဉ် အဆင့်ဆင့်ပြပုံများကဲ့သို့သော ပုံများတွင် အသုံးများသည့် စကားလုံးကို ဖော်ပြနိုင်သည်။

(ဌ) လုပ်ငန်းစဉ်ပြပုံနှင့် လုပ်ငန်းစဉ်အဆင့်ဆင့်ပြပုံများကို ထည့်သွင်းဖော်ပြနိုင်သည်။

၁၃။ တီထွင်မှုဆိုင်ရာ အကျဉ်းချုပ်ဖော်ပြချက်တွင်-

(က) တီထွင်မှုအမည်ကို ဖော်ပြရမည်။ ယင်းသို့ဖော်ပြရာတွင် တီထွင်မှုအမည်သည် တိုတောင်း ရှင်းလင်း တိကျရမည်။

( ခ ) သက်ဆိုင်ရာနည်းပညာကို အကြမ်းဖျဉ်း ရှာဖွေနိုင်သည်အထိ ပြည့်စုံအောင် ဖော်ပြရမည်။

( ဂ ) လျှောက်ထားချက်၌ ဖော်မြူလာများပါရှိပါက ယင်းတို့အနက် တီထွင်မှု၏ အဓိက လက္ခဏာကို ပေါ်လွင်စေသည့် ဓာတုဗေဒဆိုင်ရာ ဖော်မြူလာကို ဖော်ပြရမည်။

(ဃ) ရေးဆွဲချက်များရှိလျှင် ယင်းတို့အနက် တီထွင်မှုကို ပိုမိုပေါ်လွင်စေသည့် ရေးဆွဲချက်ကို ဖော်ပြရမည်။

( င ) စာလုံးရေ ၂၅၀ ထက် မကျော်စေရ။

( စ ) တီထွင်မှု၏ကောင်းကျိုး၊ တန်ဖိုးနှင့် အလွန်အကျူး ဖော်ပြချက်များ မပါဝင်စေရ။

၁၄။ (က) လျှောက်ထားချက်တွင်ပါရှိသော အလေးချိန်၊ အတိုင်းအတာ၊ အပူချိန်နှင့် သိပ်သည်းဆ တို့ကို မက်ထရစ်ယူနစ်ဖြင့် ဖော်ပြရမည်။

(ခ) လျှောက်ထားချက်တွင် ပါရှိသော အတိုင်းအတာ၊ ပညာရပ်ဆိုင်ရာ ဝေါဟာရ၊ အမှတ်အသား သို့မဟုတ် သင်္ကေတသည် တစ်သမတ်တည်း ဖြစ်ရမည်။

၁၅။ (က) တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားရာတွင် ဥပဒေပုဒ်မ ၂၀ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၄)အရ ဦးစားပေးအခွင့်အရေးရရှိရန် တောင်း ဆိုရာတွင်-

(၁) ပါရီကွန်ဗင်းရှင်း သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် နိုင်ငံတစ်ခုခုတွင် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် စတင်လျှောက် ထားသည့် နေ့ရက်၊ လျှောက်ထားချက်နံပါတ်၊ နိုင်ငံအမည်နှင့် ရုံးအမည်တို့ကို လျှောက်ထားချက်တွင် ဖော်ပြရမည်။

(၂) လျှောက်ထားသူသည် ယခင်လျှောက်ထားချက် တင်သွင်းသည့်နေ့ရက်၊ လျှောက်ထားချက်နံပါတ်၊ နိုင်ငံအမည်နှင့် ရုံးအမည်တို့ပါရှိသည့် လျှောက် ထားချက်မိတ္တူမှန်ကို လျှောက်ထားချက် တင်သွင်းသည့်နေ့မှ သုံးလအတွင်း မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ တင်ပြရမည်။

(၃) ဦးစားပေးအခွင့်အရေးတောင်းဆိုသည့် လျှောက်ထားသူသည် ယခင်လျှောက် ထားချက်တွင်ပါရှိသည့် လျှောက်ထားသူမဟုတ်လျှင် ယခင်လျှောက်ထားသူက အခွင့်အရေး လွှဲပြောင်းထားသည့် စာရွက်စာတမ်း အထောက်အထားများကို လျှောက်ထားချက်နှင့်အတူ ပူးတွဲတင်ပြရမည်။

(ခ) တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားရာတွင် ဥပဒေ ပုဒ်မ ၂၀ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၅) အရ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့် အရေး တောင်းဆိုရာတွင်-

(၁) ပါရီကွန်ဗင်းရှင်း သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံ တစ်ခုခုတွင် သက်ဆိုင်ရာနိုင်ငံအစိုးရက ကြီးမှူးကျင်းပသော သို့မဟုတ် အသိအမှတ်ပြုသော အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ၏အမည်၊ ကုန်စည်ပြပွဲ၌ ခင်းကျင်းပြသသော တီထွင်မှုဆိုင်ရာ အကြောင်းအရာ၊ စတင်ခင်းကျင်းပြသသည့် နေ့ရက်နှင့် နိုင်ငံ အမည်တို့ကို လျှောက်ထားချက်တွင် ဖော်ပြရမည်။

(၂) လျှောက်ထားသူသည် တီထွင်မှုကို အပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲ၌ စတင်ခင်းကျင်းပြသသည့်နေ့ရက်နှင့် အမှန်တကယ်ခင်းကျင်းပြသကြောင်းတို့ ပါရှိသည့် ကုန်စည်ပြပွဲဆိုင်ရာ အာဏာပိုင်များက ထုတ်ပေးသော ခိုင်လုံသည့် အထောက်အထားမိတ္တူမှန်ကို လျှောက်ထားချက် တင်သွင်းသည့်နေ့မှ သုံးလအတွင်း မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ တင်ပြရမည်။

(၃) ကုန်စည်ပြပွဲ စတင်ခင်းကျင်းပြသသည့်နေ့ရက်နှင့် လျှောက်ထားသူက ယင်းကုန်စည်ပြပွဲတွင် စတင်ခင်းကျင်းပြသသည့်နေ့ရက်တို့ မတူညီလျှင် အဆိုပါနေ့ရက်အသီးသီးအတွက် အထောက်အထားများကို တင်ပြရမည်။

(၄) ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး တောင်းဆိုသည့် လျှောက်ထားသူသည် ကုန်စည်ပြပွဲတွင် ခင်းကျင်းပြသသူ မဟုတ်လျှင် ကုန်စည်ပြပွဲတွင် ခင်းကျင်းပြသသူက အခွင့်အရေးလွှဲပြောင်းထားသည့် စာရွက်စာတမ်းအထောက်အထားများကို လျှောက်ထားချက်နှင့်အတူ ပူးတွဲတင်ပြရမည်။

၁၆။ လျှောက်ထားသူသည် အဏုဇီဝပစ္စည်းကို အသုံးပြုခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် မွေးမြူခြင်းတို့နှင့် ဆက်စပ်သော တီထွင်မှုကို မူပိုင်ခွင့်လျှောက်ထားရာ၌ အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် အဏုဇီဝပစ္စည်းအပ်နှံထားရှိမှုကို လျှောက်ထားချက်တွင် ထည့်သွင်းဖော်ပြရမည်-

(က) သာမန်တတ်ကျွမ်းသူတစ်ဦးက အဏုဇီဝပစ္စည်း နမူနာမရှိဘဲ တီထွင်မှုကို အဆင်ပြေစွာ ဆောင်ရွက်နိုင်စွမ်း မရှိခြင်း၊

(ခ) သာမန်တတ်ကျွမ်းသူတစ်ဦးက အဏုဇီဝပစ္စည်းကို လွယ်ကူစွာ မရရှိနိုင်ခြင်း။

၁၇။ နည်းဥပဒေ ၁၆ နည်းဥပဒေခွဲ (က) သို့မဟုတ် နည်းဥပဒေခွဲ (ခ) တို့ပါ အခြေအနေတွင် အဏုဇီဝပစ္စည်းကို နိုင်ငံတကာ အသိအမှတ်ပြု အဏုဇီဝပစ္စည်း အပ်နှံထားရှိခြင်းနှင့်စပ်လျဉ်းသည့် ဘူတာပတ်စ် သဘောတူစာချုပ် (Budapest Treaty) အရ နိုင်ငံတကာအသိအမှတ်ပြု အဏုဇီဝပစ္စည်းအပ်နှံမှုကို လက်ခံသည့် အဖွဲ့အစည်းများ၌ လျှောက်ထားသူ သို့မဟုတ် တီထွင်သူက အပ်နှံခြင်းကို တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားသည့်နေ့တွင်ဖြစ်စေ၊ ယင်းနေ့မတိုင်မီဖြစ်စေ ဆောင်ရွက်ရမည်။

၁၈။ လျှောက်ထားသူသည် နည်းဥပဒေ ၁၇ အရ ၎င်းအပ်နှံထားသည့် သက်ဆိုင်ရာအဖွဲ့အစည်းက ထုတ်ပေးသည့် ထောက်ခံချက်ကို လျှောက်ထားချက်နှင့်အတူ ပူးတွဲ တင်ပြရမည်။ ယင်းထောက်ခံချက်ကို ပူးတွဲတင်ပြနိုင်ခြင်းမရှိပါက လျှောက်ထားသည့်နေ့မှ ၁၂ လ အတွင်း တင်ပြရမည်။

၁၉။ လျှောက်ထားသူသည် နည်းပညာနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ဘာသာရပ်နှင့်စပ်လျဉ်း၍ဖြစ်စေ ပြုလုပ်သည့် နိုင်ငံအဆင့် ဆွေးနွေးပွဲ သို့မဟုတ် စာတမ်းဖတ်ပွဲတွင် လျှောက်ထားသူ သို့မဟုတ် တီထွင်သူက လျှောက်ထားသည့်နေ့မတိုင်မီ တစ်နှစ်အတွင်း လျှောက်ထားချက်ပါ တီထွင်မှု နှင့်စပ်လျဉ်း၍ ထုတ်ဖော်ပြသပါက ယင်းသို့ ထုတ်ဖော်ပြသကြောင်းကို လျှောက်ထားချက်တွင် ဖော်ပြ၍ စာရွက်စာတမ်းအထောက်အထားနှင့်အတူ တင်ပြနိုင်သည်။

၂၀။ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်သည့် အခကြေးငွေကို ဦးစီးဌာနက သတ်မှတ်သည့် နည်းလမ်းအတိုင်း ပေးသွင်း ထားသည့် ဥပဒေပုဒ်မ ၂၀ ပုဒ်မခွဲ(က) ပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသော တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက် လက်ခံရရှိသည့်နေ့ကို ဥပဒေ ပုဒ်မ ၂၁ အရ နိုင်ငံတော်တွင် လျှောက်ထားချက် တင်သွင်းသည့်နေ့အဖြစ် မှတ်ပုံတင်အရာရှိက သတ်မှတ်ရမည်။

## အခန်း(၃)
## လျှောက်ထားချက်ကို ခွဲခြားခြင်း

၂၁။ လျှောက်ထားသူသည် တီထွင်မှုတစ်ခု သို့မဟုတ် တီထွင်မှုတစ်စုနှင့် ညီညွတ်ခြင်းမရှိသော လျှောက်ထားချက်ကို မူလလျှောက်ထားချက်ပါ ဖော်ပြချက်များထက် မကျော်လွန်စေဘဲ တီထွင်မှု မူပိုင်ခွင့် ခွင့်ပြုခြင်းမပြုမီ အချိန်အထိ တစ်ခုထက်ပိုသော လျှောက်ထားချက်အခွဲများအဖြစ်ခွဲ၍ အခကြေး ငွေပေးသွင်းပြီးကြောင်း အထောက်အထားပူးတွဲလျက် လျှောက်ထားချက်ကို ခွဲခြားလျှောက်ထားခြင်းပုံစံ PT/UM - 3 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၂၂။ မှတ်ပုံတင်အရာရှိသည်-

(က) လျှောက်ထားချက်တွင် တစ်ခုထက်ပိုသော တီထွင်မှုများ ပါဝင်နေကြောင်း သို့မဟုတ် နည်းဥပဒေ ၁၁ ပါ တီထွင်မှုတစ်စုနှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း သတ်မှတ်ထားသည့် အခကြေးငွေပေးသွင်းပြီး ခွဲခြားလျှောက်ထားနိုင်ကြောင်း လျှောက်ထားသူထံ အကြောင်း ကြားရမည်။

(ခ) လျှောက်ထားသူက သတ်မှတ်ကာလအတွင်း ခွဲခြားလျှောက်ထားခြင်းမရှိလျှင် လျှောက် ထားချက်၏ တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက်တွင် ဖော်ပြပါရှိသည့် တီထွင်မှု တစ်ခု သို့မဟုတ် တီထွင်မှုတစ်စုအတွက်သာ စစ်ဆေးခြင်းကို ဆောင်ရွက်မည်။

၂၃။ လျှောက်ထားသူသည် နည်းဥပဒေ ၂၂ နည်းဥပဒေခွဲ(က) အရ အကြောင်းကြားစာ လက်ခံ ရရှိပါက မူလလျှောက်ထားချက်တွင် ဖော်ပြထားသည့်အချက်များထက် မကျော်လွန်စေဘဲ

ရက်ပေါင်း ၉၀ အတွင်း သတ်မှတ်ထားသည့် အခကြေးငွေပေးသွင်းပြီးကြောင်း အထောက်အထား ပူးတွဲ၍ လျှောက်ထားချက်ကို ခွဲခြားလျှောက်ထားခြင်း ပုံစံ PT/UM - 3 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၂၄။ နည်းဥပဒေ ၂၁ နှင့် နည်းဥပဒေ၂၃ တို့အရ ခွဲခြားလျှောက်ထားရာတွင်-

(က) မူလလျှောက်ထားချက်ပါ အချက်များအနက် ခွဲခြားလျှောက်ထားသည့် တီထွင်မှုနှင့် သက်ဆိုင်သည့် ဖော်ပြချက်၊ တောင်းဆိုချက်၊ အကျဉ်းချုပ်ဖော်ပြချက်နှင့် ရေးဆွဲချက် (ရှိလျှင်)တို့ကို ပြည့်စုံစွာ ဖော်ပြရမည်။

(ခ) မူလလျှောက်ထားချက် လျှောက်ထားသည့်နေ့ သို့မဟုတ် ဦးစားပေးအခွင့်အရေး တောင်းဆိုခဲ့ပါက ယင်းဦးစားပေးအခွင့်အရေး တောင်းဆိုသည့်နေ့ကို ဖော်ပြရမည်။ (မူလလျှောက်ထားချက်မိတ္တူနှင့် ဦးစားပေးအခွင့်အရေး တောင်းဆိုသည့် လျှောက်ထားချက်မိတ္တူမှန်၏ မိတ္တူ (ရှိလျှင်) ပူးတွဲ တင်ပြရမည်။)

၂၅။ လျှောက်ထားသူသည် ခွဲခြားလျှောက်ထားချက်နှင့်စပ်လျဉ်း၍ အသေးစိတ်စစ်ဆေးပေးရန် ဤနည်းဥပဒေများ အခန်း (၈) ပါ ဖော်ပြချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။

၂၆။ မှတ်ပုံတင်အရာရှိသည် လျှောက်ထားချက်ကို ခွဲခြားပေးရန်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍-

(က) အချက်အလက်၊ အထောက်အထားများ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ခ) လျှောက်ထားသူက နည်းဥပဒေခွဲ(က)အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိလျှင် အဆိုပါလျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) အချက်အလက်၊ အထောက်အထားများ ပြည့်စုံကြောင်း တွေ့ရှိလျှင်-

(၁) ခွဲခြားလျှောက်ထားချက် တစ်ခုချင်းစီအတွက် ခွဲခြားပေးရန် လျှောက်ထားချက်နှင့် မူလလျှောက်ထားချက်မိတ္တူ အပြည့်အစုံပါဝင်သည့် သီးခြားဖိုင် ထားရှိရမည်။

(၂) ခွဲခြားလျှောက်ထားချက် တစ်ခုချင်းစီအတွက် မူလလျှောက်ထားချက် တင်သွင်းသည့်နေ့ကို လျှောက်ထားချက် တင်သွင်းသည့်နေ့အဖြစ် သတ်မှတ်ရမည်။

(၃) မူလလျှောက်ထားချက်တွင် ဦးစားပေးအခွင့်အရေး တောင်းဆိုထားပါက ခွဲခြားလျှောက်ထားချက် တစ်ခုချင်းစီအတွက် အဆိုပါ ဦးစားပေးအခွင့်အရေး

တောင်းဆိုသည့် နေ့ရက်ကို နိုင်ငံတော်တွင် လျှောက်ထားချက် တင်သွင်းသည့် နေ့အဖြစ် သတ်မှတ်ရမည်။

(၄) မူလလျှောက်ထားချက်တွင် နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော ဦးစားပေး အခွင့်အရေး တောင်းဆိုချက်များရှိပါက ခွဲခြားလျှောက်ထားချက်ပါ တီထွင်မှု နှင့် သက်ဆိုင်သည့် ဦးစားပေးအခွင့်အရေးကို သတ်မှတ်ရမည်။

(၅) နည်းဥပဒေ ၃၄ နည်းဥပဒေခွဲ(က) သို့မဟုတ် နည်းဥပဒေခွဲ (ခ)အရ ထုတ်ပြန် ကြေညာပြီးနောက် ခွဲခြားလျှောက်ထားခြင်းဖြစ်ပါက ခွဲခြားလျှောက်ထားချက် တစ်ခုချင်းစီကို နည်းဥပဒေ ၁၂၅ ပါနည်းလမ်းဖြင့် ထုတ်ပြန်ကြေညာရမည်။

## အခန်း(၄)
## လျှောက်ထားချက်ကို ပြောင်းလဲလျှောက်ထားခြင်း

၂၇။ (က) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူသည် တီထွင်မှုမူပိုင်ခွင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းမပြုမီ မည်သည့်အချိန်တွင်မဆို တီထွင်မှုမူပိုင်ခွင့်မှ အသေးစားတီထွင်မှု မူပိုင်ခွင့်အဖြစ် ပြောင်းလဲပေးရန် အခကြေးငွေပေးသွင်းပြီးကြောင်း အထောက်အထား ပူးတွဲ၍ ပြောင်းလဲလျှောက်ထားခြင်းပုံစံ PT/UM- 4 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူသည် အသေးစားတီထွင်မှုမူပိုင်ခွင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းမပြုမီ မည်သည့်အချိန်တွင်မဆို အသေးစားတီထွင်မှု မူပိုင်ခွင့်မှ တီထွင်မှုမူပိုင်ခွင့်အဖြစ် ပြောင်းလဲပေးရန် အခကြေးငွေပေးသွင်းပြီးကြောင်း အထောက်အထားပူးတွဲ၍ ပြောင်းလဲလျှောက်ထားခြင်းပုံစံ PT/UM – 4 ဖြင့် မှတ်ပုံတင် အရာရှိထံ လျှောက်ထားနိုင်သည်။

၂၈။ အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူသည် နည်းဥပဒေ ၂၇ နည်းဥပဒေခွဲ (ခ) အရ ပြောင်းလဲလျှောက်ထားလျှင် ဤနည်းဥပဒေများ အခန်း (၈) ပါ ဖော်ပြချက်များနှင့်အညီ မှတ်ပုံတင် အရာရှိထံ အသေးစိတ်စစ်ဆေးပေးရန် လျှောက်ထားရမည်။

၂၉။ မှတ်ပုံတင်အရာရှိသည် ပြောင်းလဲလျှောက်ထားခြင်းနှင့်စပ်လျဉ်း၍-

(က) အချက်အလက်၊ အထောက်အထားများ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် အကြောင်း ကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ခ) လျှောက်ထားသူက နည်းဥပဒေခွဲ (က) အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိလျှင် အဆိုပါလျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) အချက်အလက်၊ အထောက်အထားများ ပြည့်စုံကြောင်း တွေ့ရှိလျှင် ပြောင်းလဲလျှောက်ထားခြင်းကို မှတ်တမ်းတင်၍ လျှောက်ထားသူထံအကြောင်းကြားရမည်။

(ဃ) နည်းဥပဒေ ၃၄ နည်းဥပဒေခွဲ(က) သို့မဟုတ် နည်းဥပဒေခွဲ (ခ)အရ ထုတ်ပြန်ကြေညာပြီးနောက် ပြောင်းလဲလျှောက်ထားခြင်းဖြစ်ပါက နည်းဥပဒေ ၁၂၅ ပါ နည်းလမ်းဖြင့် ထုတ်ပြန်ကြေညာရမည်။

၃၀။ လျှောက်ထားသူသည် နည်းဥပဒေ ၂၇ နည်းဥပဒေခွဲ(က)အရ ပြောင်းလဲလျှောက်ထားခြင်းကို တစ်ကြိမ်ထက်ပို၍ မပြုရ။

## အခန်း(၅)
## လျှောက်ထားချက်ကို ရုပ်သိမ်းခြင်း

၃၁။ လျှောက်ထားသူသည် မှတ်ပုံတင်အရာရှိက တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းမပြုမီ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်တစ်ခုလုံးကို ဖြစ်စေ၊ လျှောက်ထားချက်ပါ တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက် သို့မဟုတ် တောင်းဆိုချက်များကိုဖြစ်စေ ရုပ်သိမ်းပေးရန် လျှောက်ထားချက်ကိုရုပ်သိမ်းပေးရန်လျှောက်ထားခြင်းပုံစံ PT/UM – 5 ဖြင့် မှတ်ပုံတင် အရာရှိထံ လျှောက်ထားနိုင်သည်။

၃၂။ မှတ်ပုံတင်အရာရှိသည် ရုပ်သိမ်းပေးရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ -

(က) အချက်အလက်၊ အထောက်အထားများ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ခ) လျှောက်ထားသူက နည်းဥပဒေခွဲ (က) အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိလျှင် အဆိုပါလျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) အချက်အလက်၊ အထောက်အထားများ ပြည့်စုံကြောင်းတွေ့ရှိလျှင် လျှောက်ထားချက်တစ်ခုလုံးကို ရုပ်သိမ်းပေးရန် တောင်းဆိုခြင်းဖြစ်ပါက လျှောက်ထားချက်တစ်ခုလုံးကို ဖြစ်စေ၊ လျှောက်ထားချက်ပါ တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက် သို့မဟုတ်

တောင်းဆိုချက်များကို ရုပ်သိမ်းပေးရန် တောင်းဆိုခြင်းဖြစ်ပါက ယင်းတောင်းဆိုချက် သို့မဟုတ် တောင်းဆိုချက်များကိုဖြစ်စေ ရုပ်သိမ်းရမည်။ ထိုသို့ ရုပ်သိမ်းကြောင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ဃ) နည်းဥပဒေ ၃၄ အရ ထုတ်ပြန်ကြေညာပြီးနောက်မှ ရုပ်သိမ်းသည့် လျှောက်ထားချက် ဖြစ်ပါက ယင်းသို့ ရုပ်သိမ်းကြောင်း နည်းဥပဒေ ၁၂၅ ပါနည်းလမ်းဖြင့် ထုတ်ပြန် ကြေညာရမည်။

(င) နည်းဥပဒေ ၃၄ အရ ထုတ်ပြန်ကြေညာခြင်းမပြုမီ ရုပ်သိမ်းသည့် လျှောက်ထားချက် ဖြစ်ပါက ထုတ်ပြန်ကြေညာခြင်း မပြုရ။

## အခန်း (၆)

## လျှောက်ထားချက်ကို စစ်ဆေးခြင်းနှင့် ထုတ်ပြန်ကြေညာခြင်း

၃၃။ စစ်ဆေးရေးအရာရှိသည်-

(က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်နှင့်စပ်လျဉ်း၍-

(၁) တီထွင်မှုကို အပြည်ပြည်ဆိုင်ရာ တီထွင်မှုမူပိုင်ခွင့်အမျိုးအစားခွဲခြားခြင်း (International Patent Classification - IPC) ဖြင့် အမျိုးအစားခွဲခြား၍ ဥပဒေပုဒ်မ ၁၉ နှင့် ပုဒ်မ ၂၀ တို့ပါ အချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိနှင့် ဤနည်းဥပဒေများ အခန်း (၂) ပါအချက်များနှင့် ပြည့်စုံခြင်း ရှိ မရှိ စစ်ဆေးပြီး သတ်မှတ်ချက်များနှင့် ညီညွတ်သော လျှောက်ထားချက်ကို သဘောထား မှတ်ချက် နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(၂) နည်းဥပဒေခွဲငယ်(၁)ပါအချက်များနှင့် ညီညွတ်မှုမရှိကြောင်း သို့မဟုတ် ပြည့်စုံမှု မရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ခ) အသေးစားတီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်နှင့်စပ်လျဉ်း၍-

(၁) တီထွင်မှုကို အပြည်ပြည်ဆိုင်ရာ တီထွင်မှုမူပိုင်ခွင့်အမျိုးအစားခွဲခြားခြင်း (International Patent Classification - IPC) ဖြင့် အမျိုးအစားခွဲခြား၍ ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ဌ) ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီမှုရှိ မရှိ၊ ဥပဒေ ပုဒ်မ ၁၉ နှင့် ပုဒ်မ ၂၀ တို့ပါ အချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိနှင့် ဥပဒေ ပုဒ်မ ၈၀ ပုဒ်မခွဲ(ခ) ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းခြင်း ရှိ မရှိနှင့် ဤနည်း

ဥပဒေများ အခန်း (၂) ပါ အချက်များနှင့် ပြည့်စုံခြင်း ရှိ မရှိ စစ်ဆေးပြီး သတ်မှတ်ချက်များနှင့် ညီညွတ်သော လျှောက်ထားချက်ကို သဘောထား မှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(၂) နည်းဥပဒေခွဲငယ်(၁)ပါ အချက်များနှင့် ညီညွတ်မှုမရှိကြောင်း သို့မဟုတ် ပြည့်စုံမှု မရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် သို့မဟုတ် ပြင်ဆင်ဆောင်ရွက်နိုင်ခြင်း မရှိပါကရှင်းလင်းချက်ဖြင့် တင်ပြရန် မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ဂ) လျှောက်ထားသူက သတ်မှတ်ထားသည့် အချိန်ကာလအတွင်း နည်းဥပဒေခွဲ(က) နည်းဥပဒေခွဲငယ်(၂)အရ ပြင်ဆင်ဆောင်ရွက်ခြင်း မရှိလျှင်သော်လည်းကောင်း၊ နည်းဥပဒေခွဲ (ခ) နည်းဥပဒေခွဲငယ်(၂)အရ ပြင်ဆင်ဆောင်ရွက်ခြင်း သို့မဟုတ် ရှင်းလင်းတင်ပြခြင်း မရှိလျှင်သော်လည်းကောင်း အဆိုပါလျှောက်ထားချက်ကို မှတ်ပုံတင်အရာရှိထံ တင်ပြ၍ ရုပ်သိမ်းရမည်။

(ဃ) သတ်မှတ်ထားသည့် အချိန်ကာလအတွင်း နည်းဥပဒေခွဲ(က) နည်းဥပဒေခွဲငယ် (၂)အရ ပြင်ဆင်ဆောင်ရွက်ချက် သို့မဟုတ် နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် (၂)အရ ပြင်ဆင်ဆောင်ရွက်ချက် သို့မဟုတ် ရှင်းလင်းတင်ပြချက်ကို လက်ခံရရှိပါက စိစစ်ပြီး သဘောထား မှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံတင်ပြရမည်။

၃၄။ မှတ်ပုံတင်အရာရှိသည်-

(က) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ စစ်ဆေးရေးအရာရှိ၏ သဘောထားမှတ်ချက်ကို စိစစ်ပြီး သတ်မှတ်ချက်နှင့်ညီညွတ်သော လျှောက်ထားချက်ကို လျှောက်ထားသည့်နေ့မှ ၁၈ လ ကုန်ဆုံးပြီးနောက် သို့မဟုတ် ဆောလျင်စွာထုတ်ပြန် ကြေညာပေးရန် တောင်းဆိုပါက ထိုတောင်းဆိုသည့်နေ့တွင် အများပြည်သူသိရှိ နိုင်ရန်နှင့် ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ရန် နည်းဥပဒေ ၁၂၅ ပါနည်းလမ်းဖြင့် ထုတ်ပြန်ကြေညာရမည်။

(ခ) အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ စစ်ဆေးရေးအရာရှိ၏ သဘောထားမှတ်ချက်ကို စိစစ်ပြီး သတ်မှတ်ချက်နှင့် ညီညွတ်သော လျှောက်ထားချက်ကို အများပြည်သူသိရှိနိုင်ရန်နှင့် ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ရန် နည်းဥပဒေ ၁၂၅ ပါနည်းလမ်းဖြင့် ထုတ်ပြန်ကြေညာရမည်။

၃၅။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍-

(က) ဥပဒေပုဒ်မ ၄၃ နှင့် ပုဒ်မ ၄၄ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်းနှင့် နည်းဥပဒေ ၁၅ ပါအချက်များနှင့် ပြည့်စုံခြင်း မရှိကြောင်းတွေ့ရှိပါက ဦးစားပေးအခွင့်အရေး တောင်းဆိုချက်အား ငြင်းပယ်ကြောင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ခ) ဥပဒေပုဒ်မ ၄၃ နှင့် ပုဒ်မ ၄၄ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ကြောင်းနှင့် နည်းဥပဒေ ၁၅ ပါအချက်များနှင့် ပြည့်စုံကြောင်းတွေ့ရှိပါက ဦးစားပေးအခွင့်အရေး တောင်းဆိုချက်ကို ခွင့်ပြု၍ နိုင်ငံတော်တွင် လျှောက်ထားသည့်နေ့အဖြစ် ဦးစားပေးအခွင့်အရေး ခံစားခွင့်ပြုရမည်။

၃၆။ မှတ်ပုံတင်အရာရှိသည်-

(က) နည်းဥပဒေ ၃၄ အရ ထုတ်ပြန်ကြေညာရာတွင် အောက်ပါတို့ ပါဝင်ရမည်-

(၁) လျှောက်ထားသူ၏ အမည်နှင့် လိပ်စာအပြည့်အစုံ၊

(၂) တီထွင်သူ၏ အမည်နှင့် လိပ်စာအပြည့်အစုံ၊

(၃) လျှောက်ထားသူသည် ကိုယ်စားလှယ်လွှဲအပ်၍ လျှောက်ထားခြင်းဖြစ်လျှင် ကိုယ်စားလှယ်၏အမည်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်နှင့် လိပ်စာ အပြည့်အစုံ၊ တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင်ကိုယ်စားလှယ် မှတ်ပုံတင်လက်မှတ်အမှတ်(ရှိလျှင်)၊

(၄) တီထွင်မှုအမည်၊

(၅) လျှောက်ထားချက်နံပါတ်၊

(၆) လျှောက်ထားချက် တင်သွင်းသည့်နေ့ရက်၊

(၇) တီထွင်မှုဆိုင်ရာအကျဉ်းချုပ်ဖော်ပြချက်၊

(၈) လျှောက်ထားသူသည် ဦးစားပေးအခွင့်အရေးရရှိရန်တောင်းဆိုလျှင် ယင်းနှင့်သက်ဆိုင်သည့် အချက်အလက်များ၊

(၉) ရေးဆွဲချက်များ(ရှိလျှင်) အကောင်းဆုံးရေးဆွဲချက်။

(ခ) နည်းဥပဒေခွဲ(က) အရ ထုတ်ပြန်ကြေညာရာတွင် နည်းဥပဒေ ၇ အရ တောင်းဆိုချက်ရှိပါက တီထွင်သူအမည်နှင့် လိပ်စာတို့ကို ထုတ်ပြန်ကြေညာခြင်း မပြုရ။

၃၇။ မှတ်ပုံတင်အရာရှိသည် လျှောက်ထားချက်တွင် နိုင်ငံတော်၏ အမျိုးသားလုံခြုံရေးကိစ္စနှင့် ပြည်သူလူထု၏ ဘေးကင်းလုံခြုံရေးကိစ္စရပ်များကို ထိခိုက်စေသော အချက်အလက်များ ပါဝင်သည်ဟု ယူဆလျှင် အေဂျင်စီ၏ သဘောတူညီချက်ဖြင့် တီထွင်မှု လျှောက်ထားချက်ပါ အကြောင်းအရာများနှင့် ဆက်စပ်သော ဝန်ကြီးဌာန၏ ကင်းရှင်းကြောင်း သဘောထားမှတ်ချက် ရရှိသည်အထိ အဆိုပါ လျှောက်ထားချက်ကို ထုတ်ပြန်ကြေညာခြင်းမပြုဘဲ လျှို့ဝှက်ထားနိုင်သည်။

## အခန်း (၇)

## ကန့်ကွက်ခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် နည်းလမ်းများ

၃၈။ (က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူသည် နည်းဥပဒေ ၃၄ နည်းဥပဒေခွဲ(က) အရ ထုတ်ပြန်ကြေညာသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း ဥပဒေပုဒ်မ ၁၃ ပါအချက်များနှင့် ညီညွတ်မှု မရှိခြင်း၊ ဥပဒေပုဒ်မ ၁၄ ပါအချက် တစ်ရပ်ရပ်နှင့် ငြိစွန်းခြင်းစသည့် အကြောင်းပြချက် တစ်ရပ်ရပ်အပေါ် အခြေခံပြီး အခကြေးငွေ ပေးသွင်းပြီးကြောင်း အထောက်အထားပူးတွဲ၍ ကန့်ကွက်လွှာပုံစံ PT/UM- 6 ဖြင့် မှတ်ပုံတင်အရာရှိထံ ကန့်ကွက်လွှာ တင်သွင်းနိုင်သည်။

(ခ) အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူသည် နည်းဥပဒေ ၃၄ နည်းဥပဒေခွဲ(ခ)အရ ထုတ်ပြန်ကြေညာသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဥပဒေပုဒ်မ ၈၀ ပုဒ်မခွဲ(က)ပါ အချက်နှင့် ညီညွတ်မှု မရှိခြင်း၊ ပုဒ်မခွဲ (ခ) ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းခြင်း စသည့် အကြောင်းပြချက် တစ်ရပ်ရပ်အပေါ် အခြေခံပြီး အခကြေးငွေပေးသွင်းပြီးကြောင်း အထောက်အထားပူးတွဲ၍ ကန့်ကွက်လွှာ ပုံစံ PT/UM – 6 ဖြင့် မှတ်ပုံတင်အရာရှိထံ ကန့်ကွက်လွှာ တင်သွင်းနိုင်သည်။

၃၉။ ကန့်ကွက်ချက်သည် ဂျာနယ်၊ ဆောင်းပါး၊ စာအုပ်စသည့် ပုံနှိပ်ထုတ်ဝေချက် သို့မဟုတ် အခြား တစ်နည်းနည်းဖြင့် ပြည်သူသို့ ထုတ်ဖော်အသိပေးချက် သို့မဟုတ် ပြည်သူမှရယူ အသုံးပြုနိုင်သည့် ထုတ်ပြန်ကြေညာချက်တို့ကို ကိုးကားပါက ကန့်ကွက်လွှာနှင့်အတူ တစ်ဖက်ပါတို့ကို တင်ပြရမည်-

(က) ကန့်ကွက်ချက်နှင့်စပ်လျဉ်း၍ ကိုးကားလိုသည့် သက်ဆိုင်ရာ အထောက်အထား တစ်ခု ချင်းစီ၏ အကျိုးအကြောင်းဖော်ပြချက်၊

(ခ) နည်းဥပဒေခွဲ(က)ပါအထောက်အထားတစ်ခုချင်းစီ၏ အကြောင်းအရာ အကျဉ်းချုပ် ဖော်ပြချက်နှင့် ယင်းအထောက်အထားများ။

၄၀။ စစ်ဆေးရေးအရာရှိသည် ကန့်ကွက်လွှာနှင့်စပ်လျဉ်း၍-

(က) နည်းဥပဒေ ၃၈ နှင့် နည်းဥပဒေ ၃၉ တို့ပါ အချက်အလက်၊ အထောက်အထားများ ပြည့်စုံကြောင်းတွေ့ရှိလျှင် သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ခ) အချက်အလက်၊ အထောက်အထားများ ပြည့်စုံမှုမရှိကြောင်းတွေ့ရှိလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်ဖြင့် ကန့်ကွက်သူထံ အကြောင်းကြားရမည်။

(ဂ) ကန့်ကွက်သူက နည်းဥပဒေခွဲ(ခ)အရ သတ်မှတ်သည့် အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်း မရှိလျှင် အဆိုပါလျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဃ) နည်းဥပဒေခွဲ(ခ)အရ ပြင်ဆင်ဆောင်ရွက်ချက်ကို လက်ခံရရှိပါကစိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

၄၁။ စစ်ဆေးရေးအရာရှိသည် မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်ဖြင့်-

(က) အကြောင်းကြားစာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ခုခံချေပချက်နှင့်အတူ လိုအပ်သော အထောက်အထားများကို တင်သွင်းနိုင်ကြောင်း ကန့်ကွက်လွှာနှင့် ပူးတွဲတင်ပြသည့် အထောက်အထားများ၏မိတ္တူကို လျှောက်ထားသူထံ ပေးပို့၍ အကြောင်းကြားရမည်။

(ခ) လျှောက်ထားသူ၏ ခုခံချေပချက်ကို လက်ခံရရှိပါက ခုခံချေပချက်၏ မိတ္တူကို ကန့်ကွက်သူထံပေးပို့ပြီး ခုခံချေပချက်နှင့် စပ်လျဉ်း၍ ထပ်မံတင်ပြရန်ရှိလျှင် အကြောင်းကြားစာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြန်လည်ချေပချက်နှင့် ခိုင်လုံသော သက်သေခံအထောက်အထားများကို မိတ္တူနှစ်စုံနှင့်အတူ တင်ပြရန် အကြောင်းကြားရမည်။

(ဂ) ထပ်မံရှင်းလင်းချက်များ လိုအပ်သည်ဟု ယူဆလျှင် အကြောင်းကြားစာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း နောက်ထပ်အကြောင်းပြချက်များ သို့မဟုတ် အခြားစာရွက်စာတမ်းများ(ရှိလျှင်)ကို တင်ပြရန် သက်ဆိုင်ရာပုဂ္ဂိုလ်များထံ အကြောင်းကြားနိုင်သည်။

(ဃ) လိုအပ်ပါက နှစ်ဦးနှစ်ဖက်ကို ဆင့်ခေါ်၍ မေးမြန်းနိုင်သည်။

၄၂။ စစ်ဆေးရေးအရာရှိသည်-

(က) ကန့်ကွက်လွှာ တင်သွင်းသည့် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်၊ ခုခံချေပချက်၊ ပြန်လည်ချေပချက်(ရှိလျှင်)နှင့် အထောက်အထား တို့ကို စိစစ်၍ တွေ့ရှိချက်၊ သဘောထားမှတ်ချက်တို့နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။ ထိုသို့ စိစစ်ရာတွင် ကန့်ကွက်လွှာပါအကြောင်းပြချက်အပေါ် လိုအပ်ပါက နည်းဥပဒေ ၅၀ နည်းဥပဒေခွဲ (က) အရ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ သို့မဟုတ် နည်းဥပဒေ ၄၇ အရ တင်ပြသည့် သက်ဆိုင်ရာ ပြည်ပနိုင်ငံတစ်ခုခု၏ မူပိုင်ခွင့်ရုံးက စစ်ဆေးဆောင်ရွက်ခဲ့သည့် စာရွက်စာတမ်းများကို ထည့်သွင်းစဉ်းစားနိုင်သည်။

(ခ) ကန့်ကွက်လွှာ တင်သွင်းသည့် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ကန့်ကွက်ချက်၊ ခုခံချေပချက်၊ ပြန်လည်ချေပချက်(ရှိလျှင်)နှင့် အထောက် အထားတို့ကို စိစစ်၍ တွေ့ရှိချက်၊ သဘောထားမှတ်ချက်တို့နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

၄၃။ မှတ်ပုံတင်အရာရှိသည်-

(က) ကန့်ကွက်လွှာ တင်သွင်းသည့် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်၊ စစ်ဆေးရေးအရာရှိ၏ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို စိစစ်ပြီး တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခြင်းကို ဆက်လက်လုပ်ဆောင်စေခြင်း၊ ပြင်ဆင်စေခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ပြုနိုင်သည်။

(ခ) ကန့်ကွက်လွှာ တင်သွင်းသည့် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ကန့်ကွက်ချက်၊ စစ်ဆေးရေးအရာရှိ၏ တွေ့ရှိချက်နှင့် သဘောထားမှတ် ချက်တို့ကို စိစစ်ပြီး ကန့်ကွက်ခြင်းကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) နည်းဥပဒေခွဲ(က) အရ ဆုံးဖြတ်ချက်ကို ကန့်ကွက်လွှာတင်သွင်းသူနှင့် တင်သွင်းခံရသူထံ အကြောင်းကြားပြီး နည်းဥပဒေ ၁၂၅ ပါနည်းလမ်းဖြင့် ထုတ်ပြန်ကြေညာရမည်။

၄၄။ ကန့်ကွက်သူသည် မှတ်ပုံတင်အရာရှိက နည်းဥပဒေ ၄၃ နည်းဥပဒေခွဲ(က) သို့မဟုတ် နည်းဥပဒေခွဲ(ခ)အရ ဆုံးဖြတ်ခြင်းမပြုမီ တင်သွင်းထားသည့် ကန့်ကွက်လွှာကို ရုပ်သိမ်းပေးရန် ကန့်ကွက်လွှာရုပ်သိမ်းခြင်းပုံစံ PT/UM-7 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၄၅။ မှတ်ပုံတင်အရာရှိသည် နည်းဥပဒေ ၄၄ အရ လျှောက်ထားလာပါက ကန့်ကွက်လွှာနှင့် စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ခြင်းမပြုရ။ နည်းဥပဒေ ၄၁ နည်းဥပဒေခွဲ (က)အရ လျှောက်ထားသူထံ အကြောင်းကြားပြီးနောက် ကန့်ကွက်လွှာ ရုပ်သိမ်းပေးရန် လျှောက်ထားခြင်းဖြစ်ပါက ကန့်ကွက်လွှာ ရုပ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားသူထံ အကြောင်းကြားရမည်။

## အခန်း (၈)

## တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်အား အသေးစိတ်စစ်ဆေးခြင်း

၄၆။ လျှောက်ထားသူသည်လျှောက်ထားသည့်နေ့မှ ၃၆ လအတွင်း တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်နှင့်စပ်လျဉ်း၍ အသေးစိတ်စစ်ဆေးပေးရန် အခကြေးငွေပေးသွင်းပြီးကြောင်း အထောက်အထားပူးတွဲလျက် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို အသေးစိတ်စစ်ဆေးပေးရန် တောင်းဆိုခြင်းပုံစံ PT - 8 ဖြင့် မှတ်ပုံတင်အရာရှိထံ တောင်းဆိုရမည်။

၄၇။ လျှောက်ထားသူသည် အသေးစိတ်စစ်ဆေးပေးရန် တောင်းဆိုသည့် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ပြည်ပနိုင်ငံတစ်ခုခုတွင် စစ်ဆေးဆောင်ရွက်ခဲ့သည့် ဥပဒေပုဒ်မ ၃၈ ပါ စာရွက်စာတမ်း အထောက်အထားများရှိပါက ယင်းစာရွက်စာတမ်း အထောက်အထားများ၏ မိတ္တူကို မှတ်ပုံတင်အရာရှိထံ တင်ပြနိုင်သည်။

၄၈။ မှတ်ပုံတင်အရာရှိသည် နည်းဥပဒေ ၄၆ အရ အသေးစိတ်စစ်ဆေးရန် တောင်းဆိုခြင်းနှင့် စပ်လျဉ်း၍-

(က) အချက်အလက်၊ အထောက်အထားများ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ခ) လျှောက်ထားသူက နည်းဥပဒေခွဲ(က)အရ သတ်မှတ်သည့် အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိလျှင် အဆိုပါတောင်းဆိုချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) အချက်အလက်၊ အထောက်အထားများ ပြည့်စုံကြောင်း တွေ့ရှိလျှင် အသေးစိတ်စစ်ဆေးရန် စစ်ဆေးရေးအရာရှိကို တာဝန်ပေးအပ်နိုင်သည် သို့မဟုတ် အစိုးရဌာန အဖွဲ့အစည်းများသို့လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ သို့မဟုတ် ပြည်ပတီထွင်မှုမူပိုင်ခွင့်ရုံးများသို့လည်းကောင်း အေဂျင်စီ၏ ခွင့်ပြုချက်ဖြင့် စစ်ဆေးပေးရန် တောင်းဆိုနိုင်သည်။

၄၉။ မှတ်ပုံတင်အရာရှိသည် အစိုးရဌာနအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် ပြည်ပတီထွင်မှုမူပိုင်ခွင့်ရုံးများ၏ အသေးစိတ်စစ်ဆေးခြင်းနှင့်စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာရရှိပါက သဘောထားမှတ်ချက်နှင့်အတူ တင်ပြရန် စစ်ဆေးရေးအရာရှိကို ညွှန်ကြားရမည်။

၅၀။ စစ်ဆေးရေးအရာရှိသည် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်နှင့်စပ်လျဉ်း၍ အသေးစိတ်စစ်ဆေးရာတွင် -

(က) ဥပဒေပုဒ်မ ၃၆ နှင့် နည်းဥပဒေ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၆ နှင့် ဤနည်းဥပဒေများ အခန်း(၉) တို့ပါ ဖော်ပြချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စစ်ဆေး၍ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ခ) ကန့်ကွက်လွှာရှိပါက ယင်းနှင့်သက်ဆိုင်သည့် ကန့်ကွက်ချက်၊ ခုခံချေပချက်နှင့် ပြန်လည်ချေပချက်(ရှိလျှင်) တို့ကို ထည့်သွင်းစဉ်းစားရမည်။

(ဂ) ဥပဒေပုဒ်မ ၃၈ အရ သက်ဆိုင်ရာ ပြည်ပနိုင်ငံတစ်ခုခု၏ မူပိုင်ခွင့်ရုံးက စစ်ဆေးဆောင်ရွက်ခဲ့သည့် စာရွက်စာတမ်းများကို တင်သွင်းထားပါက ယင်းတို့ကို ထည့်သွင်းစဉ်းစားရမည်။

၅၁။ စစ်ဆေးရေးအရာရှိသည်-

(က) နည်းဥပဒေ ၅၀ နည်းဥပဒေခွဲ(က) ပါစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအရဖြစ်စေ၊ နည်းဥပဒေ ၄၉ ပါ အစိုးရဌာနအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် ပြည်ပတီထွင်မှုမူပိုင်ခွင့်ရုံးများ၏ အသေးစိတ်စစ်ဆေးခြင်းနှင့်စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအရဖြစ်စေ ဥပဒေပုဒ်မ ၃၆ ပါ အချက်နှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း ပြင်ဆင်ရန် သို့မဟုတ် ရှင်းလင်းချက်များ တင်ပြရန် မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားသူထံ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့်အတူ အကြောင်းကြားရမည်။

(ခ) နည်းဥပဒေ ၅၀ နည်းဥပဒေခွဲ(က) ပါ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအရဖြစ်စေ၊ နည်းဥပဒေ ၄၉ ပါ အစိုးရဌာနအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် ပြည်ပတီထွင်မှုမူပိုင်ခွင့်ရုံးများ၏ အသေးစိတ်စစ်ဆေးခြင်းနှင့်စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအရဖြစ်စေ ဥပဒေပုဒ်မ ၃၆ ပါ အချက်နှင့် ညီညွတ်ကြောင်း တွေ့ရှိလျှင် သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြ၍ မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်ဖြင့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို လျှောက်ထားသူထံ ပေးပို့ရမည်။

၅၂။ လျှောက်ထားသူသည် နည်းဥပဒေ ၅၁ နည်းဥပဒေခွဲ (က) အရ အကြောင်းကြားခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအချက်တစ်ရပ်ရပ်ကို မှတ်ပုံတင်အရာရှိထံ တင်ပြနိုင်သည်-

(က) စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအပေါ် ရှင်းလင်းချက်၊

(ခ) စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအရ ဥပဒေပုဒ်မ ၃၆၊ နည်းဥပဒေ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၆ နှင့် ဤနည်းဥပဒေများ အခန်း(၉) တို့ပါ ဖော်ပြချက်များနှင့် ညီညွတ်သည့် ပြင်ဆင်ချက်၊

(ဂ) နည်းဥပဒေခွဲ(က)နှင့်(ခ)တို့ပါ ရှင်းလင်းချက်နှင့် ပြင်ဆင်ချက်။

၅၃။ စစ်ဆေးရေးအရာရှိသည်-

(က) မှတ်ပုံတင်အရာရှိ၏ ညွှန်ကြားချက်အရ နည်းဥပဒေ ၅၂ ပါ တင်ပြချက်ကို စစ်ဆေး ပြီး သတ်မှတ်ချက်နှင့် ညီညွတ်ကြောင်း တွေ့ရှိလျှင် တီထွင်မှုမူပိုင်ခွင့် ခွင့်ပြုရန် သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ခ) လျှောက်ထားသူက သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြန်လည်တင်ပြခြင်း မရှိလျှင်သော်လည်းကောင်း၊ ပြန်လည်တင်ပြချက်အပေါ်စစ်ဆေးရာတွင် သတ်မှတ်ချက် များနှင့် ညီညွတ်ခြင်းမရှိလျှင်သော်လည်းကောင်း တီထွင်မှုမူပိုင်ခွင့်ကို ငြင်းပယ်ရန် သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

## အခန်း (၉)
## ကွန်ပျူတာဆော့ဝဲနှင့်ဆက်စပ်နေသော တီထွင်မှု

၅၄။ အောက်ပါတို့သည် ကွန်ပျူတာပရိုဂရမ်သက်သက် မဟုတ်ဘဲ ကွန်ပျူတာဆော့ဝဲအသုံးပြု၍ ရရှိလာသော တီထွင်မှုမူပိုင်ခွင့်အကာအကွယ်ရရှိနိုင်သည့် ထုတ်လုပ်မှုနည်းစဉ် သို့မဟုတ် ထုတ်ကုန် ဖြစ်သည်-

(က) ကွန်ပျူတာဖြင့်ဖြစ်စေ၊ ကွန်ပျူတာမှတစ်ဆင့်ဖြစ်စေ ဆောင်ရွက်သည့် ထုတ်လုပ်မှု နည်းစဉ် တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းပါဝင်သည့် တီထွင်မှု၊

(ခ) ကွန်ပျူတာဟာ့ဒ်ဒရိုက် သို့မဟုတ် ကွန်ပျူတာမှတ်ဉာဏ်ကဲ့သို့ ထိတွေ့ကိုင်တွယ်၍ ရသော စက်ပစ္စည်းတွင် စက်ဖြင့်ဖတ်နိုင်သည့် ကွန်ပျူတာပရိုဂရမ်ကုဒ်များ ထည့်သွင်း ထားသော ထုတ်ကုန်ဆိုင်ရာ တီထွင်မှုများ၊

(ဂ) သာမန်ကွန်ပျူတာကို သီးခြားကွန်ပျူတာပရိုဂရမ်နှင့် ပေါင်းစပ်အသုံးပြု၍ အဆင့်မြှင့် တင်ခြင်းဖြင့် အသစ်ဖြစ်လာသော ထုတ်ကုန်ဆိုင်ရာ တီထွင်မှု။

၅၅။ စစ်ဆေးရေးအရာရှိသည် ကွန်ပျူတာဆော့ဝဲအသုံးပြု၍ရရှိလာသော ထုတ်လုပ်မှုနည်းစဉ် သို့မဟုတ် ထုတ်ကုန်နှင့်စပ်လျဉ်းသည့် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်များကို အသေးစိတ် စစ်ဆေးရာတွင် နည်းဥပဒေ ၅၄ ပါ အချက်များကို ထည့်သွင်းစဉ်းစားရမည်။

## အခန်း (၁၀)
## လျှောက်ထားချက်အား ပြင်ဆင်ခြင်း

၅၆။ လျှောက်ထားသူသည် မှတ်ပုံတင်အရာရှိက တီထွင်မှုမူပိုင်ခွင့်ကို မှတ်ပုံတင်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း မပြုမီဖြစ်စေ၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံခြင်းနှင့် စပ်လျဉ်း၍ အေဂျင်စီက ဆုံးဖြတ်ချက်မချမှတ်မီဖြစ်စေ လျှောက်ထားချက်၊ ဘာသာပြန်ဆိုချက်နှင့် စာရွက်စာတမ်း အထောက်အထားတစ်ခုခုတွင်ပါရှိသည့် စာအရေးအသားအမှားနှင့် မှတ်ပုံတင်အရာရှိက ခွင့်ပြုနိုင်သော ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကို ပြင်ဆင်လိုပါက အခကြေးငွေပေး သွင်းပြီးကြောင်း အထောက်အထား ပူးတွဲ၍ လျှောက်ထားချက်ကို ပြင်ဆင်ပေးရန် လျှောက်ထားခြင်းပုံစံ PT/UM – 9 ဖြင့် မှတ်ပုံတင် အရာရှိထံ လျှောက်ထားနိုင်သည်။

၅၇။ လျှောက်ထားသူသည် ပြင်ဆင်ချက်ရေးသားရာတွင်-

(က) မူလလျှောက်ထားချက်ပါ ပြင်ဆင်လိုသည့်အပိုင်းကို ဖော်ပြ၍ ယင်းအပိုင်းတွင် ပြင်ဆင်လိုသည့် သို့မဟုတ် ပယ်ဖျက်လိုသည့် စာသား၊ ပုံ သို့မဟုတ် အခြားအကြောင်းအရာတို့ပေါ်တွင် ကန့်လန့်မျဉ်းသား၍လည်းကောင်း၊ ပြင်ဆင်ထည့်သွင်းလိုသည့် စာသား၊ ပုံ သို့မဟုတ် အခြားအကြောင်းအရာများကို မျဉ်းသား၍လည်းကောင်း ဖော်ပြရမည်။

(ခ) ပြင်ဆင်ချက်မှန်သမျှသည် မူလလျှောက်ထားချက်ပါ ဖော်ပြချက်များထက် မကျော်လွန်စေရ။

၅၈။ စစ်ဆေးရေးအရာရှိသည် ပြင်ဆင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍-

(က) အချက်အလက်၊ အထောက်အထားများ ပြည့်စုံမှုမရှိကြောင်းတွေ့ရှိလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ခ) လျှောက်ထားသူက နည်းဥပဒေခွဲ(က)အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်း မရှိလျှင်သော်လည်းကောင်း၊ အချက်အလက်၊ အထောက်အထားများ ပြည့်စုံကြောင်းနှင့် ပြင်ဆင်ရန်ခွင့်ပြုနိုင်ကြောင်း တွေ့ရှိလျှင်သော်လည်းကောင်း သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

၅၉။ မှတ်ပုံတင်အရာရှိသည် ပြင်ဆင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍-

(က) စစ်ဆေးရေးအရာရှိ၏ သဘောထားမှတ်ချက်ကို စိစစ်ပြီး ပြင်ဆင်ပေးရန် လျှောက်ထားချက်ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က)အရ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်၍ လျှောက်ထားသူထံ အကြောင်းကြားရမည်။

## အခန်း (၁၁)
## မှတ်ပုံတင်ခြင်းနှင့် မှတ်တမ်းတင်ခြင်း

၆၀။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ နည်းဥပဒေ ၅၁ နည်းဥပဒေခွဲ(ခ) သို့မဟုတ် နည်းဥပဒေ ၅၃ အရ တင်ပြသည့် စစ်ဆေးရေးအရာရှိ၏ သဘောထားမှတ်ချက်ကို စိစစ်ပြီး တီထွင်မှုမူပိုင်ခွင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၆၁။ မှတ်ပုံတင်အရာရှိသည်-

(က) တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစား တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍-

(၁) ခွင့်ပြုလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း မှတ်ပုံတင်အခကြေးငွေပေးသွင်းရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အခကြေးငွေပေးသွင်းခြင်းမရှိလျှင် မှတ်ပုံတင်ခြင်းကို စွန့်လွှတ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(၂) ငြင်းပယ်လျှင် ငြင်းပယ်ရသည့် အကြောင်းပြချက်ကို ထည့်သွင်းဖော်ပြ၍ လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ခ) တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး နည်းဥပဒေ ၁၂၅ ပါ နည်းလမ်းဖြင့် ထုတ်ပြန်ကြေညာရမည်။

(ဂ) တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုပြီးနောက် လျှောက်ထားသူက မှတ်ပုံတင်အခကြေးငွေပေးသွင်းပြီးလျှင် တီထွင်မှုမူပိုင်ခွင့်လက်မှတ် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် လက်မှတ်ကို လျှောက်ထားသူထံ ထုတ်ပေးရမည်။

၆၂။ (က) တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် ခွင့်ပြုခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ရာ၌ အောက်ပါတို့ ပါဝင်ရမည်-

(၁) လျှောက်ထားသူ၏အမည်နှင့် လိပ်စာအပြည့်အစုံ၊

(၂) တီထွင်သူ၏ အမည်နှင့် လိပ်စာအပြည့်အစုံ၊

(၃) လျှောက်ထားသူသည် ကိုယ်စားလှယ်လွှဲအပ်၍ လျှောက်ထားခြင်းဖြစ်လျှင် ကိုယ်စားလှယ်၏အမည်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်နှင့် လိပ်စာအပြည့်အစုံ၊ တီထွင်မှုမူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ် မှတ်ပုံတင်လက်မှတ်အမှတ်(ရှိလျှင်)၊

(၄) တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်လက်မှတ်အမှတ်၊

(၅) လျှောက်ထားချက် တင်သွင်းသည့်နေ့ရက်၊

(၆) တီထွင်မှုအမည်၊

(၇) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ ဖော်ပြချက်၊

(၈) တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက်များ၊

(၉) တီထွင်မှုဆိုင်ရာအကျဉ်းချုပ်ဖော်ပြချက်၊

(၁၀) ရေးဆွဲချက်များ (ရှိလျှင်)၊

(၁၁) လျှောက်ထားသူသည် ဦးစားပေးအခွင့်အရေးရရှိရန်တောင်းဆိုလျှင် ဦးစားပေးအခွင့်အရေးပါ အချက်အလက်များ၊

(၁၂) လျှောက်ထားသူသည် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးရရှိရန် တောင်းဆိုလျှင် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးပါ အချက်အလက်များ၊

(၁၃) တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် ခွင့်ပြုသည့် နေ့ရက်နှင့် သက်တမ်းကုန်ဆုံးသည့်နေ့ရက်၊

(၁၄) မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်သည့်နေ့ရက်။

(ခ) တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် ငြင်းပယ်ခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ရာ၌ အောက်ပါတို့ ပါဝင်ရမည်-

(၁) လျှောက်ထားသူ၏အမည်နှင့် လိပ်စာအပြည့်အစုံ၊

(၂) တီထွင်သူ၏ အမည်နှင့် လိပ်စာအပြည့်အစုံ၊

(၃) လျှောက်ထားသူသည် ကိုယ်စားလှယ်လွှဲအပ်၍ လျှောက်ထားခြင်းဖြစ်လျှင် ကိုယ်စားလှယ်၏အမည်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်နှင့် လိပ်စာအပြည့်အစုံ၊ တီထွင်မှုမူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ် မှတ်ပုံတင်လက်မှတ်အမှတ်(ရှိလျှင်)၊

(၄) လျှောက်ထားချက် တင်သွင်းသည့်နေ့ရက်၊

(၅) တီထွင်မှုအမည်၊

(ဇ) ငြင်းပယ်သည့်နေ့ရက်၊

(ဈ) ငြင်းပယ်ရသည့် အကြောင်းအရာ အကျဉ်းချုပ်၊

(ဉ) မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်သည့်နေ့ရက်။

၆၃။ တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ရရှိသူသည် တီထွင်မှုမူပိုင်ခွင့်လက်မှတ် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်လက်မှတ်မူရင်း ပျက်စီး သို့မဟုတ် ပျောက်ဆုံးပါကမိတ္တူမှန်ထုတ်ပေးရန် အခကြေးငွေပေးသွင်းပြီးကြောင်း အထောက်အထားပူးတွဲ၍ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်လက်မှတ် မိတ္တူမှန် ထုတ်ပေးရန် လျှောက်ထားခြင်းပုံစံ PT/UM - 10 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၆၄။ မှတ်ပုံတင်အရာရှိသည် နည်းဥပဒေ ၆၃ အရ လျှောက်ထားချက်ကို စိစစ်ပြီး တီထွင်မှုမူပိုင်ခွင့်လက်မှတ် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်လက်မှတ် မိတ္တူမှန် ထုတ်ပေးရမည်။

## အခန်း (၁၂)
## မှတ်ပုံတင်စာရင်းကို ပြင်ဆင်ခြင်း

၆၅။ တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ရရှိသူသည် မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသော စာအရေးအသားအမှားနှင့် ဘာသာပြန်အမှားကဲ့သို့သော ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကိုလည်းကောင်း၊ နိုင်ငံသားနှင့် လိပ်စာတို့ကိုလည်းကောင်း ပြင်ဆင်ပေးရန် အခကြေးငွေ ပေးသွင်းပြီးကြောင်း အထောက်အထားပူးတွဲ၍ မှတ်ပုံတင်စာရင်း ပြင်ဆင်ပေးရန် လျှောက်ထားခြင်းပုံစံ PT/UM – 11 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၆၆။ မှတ်ပုံတင်အရာရှိသည် နည်းဥပဒေ ၆၅ အရ လျှောက်ထားချက်ကို စိစစ်ပြီး ပြင်ဆင်ခွင့်ပြုပါက မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းရေးသွင်း၍ လျှောက်ထားသူထံအကြောင်းကြားရမည်။

## အခန်း (၁၃)
## နှစ်စဉ်ကြေး

၆၇။ (က) လျှောက်ထားသူ၊ တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်သည် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ကိုဖြစ်စေ၊ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကိုဖြစ်စေ ထိန်းသိမ်းရန်အလို့ငှာ ကာလအပိုင်းအခြားအလိုက် သတ်မှတ်သည့် နှစ်စဉ်ကြေးကို ပေးသွင်းရမည့်နေ့ မတိုင်မီ ခြောက်လအတွင်း ဦးစီးဌာနသို့ ပေးသွင်းရမည်။ ယင်းသို့

ပေးသွင်းကြောင်း နှစ်စဉ်ကြေးပေးသွင်းခြင်းပုံစံ PT/UM - 12 တွင် ဖြည့်သွင်းပြီး အထောက်အထားပူးတွဲ၍ တင်ပြရမည်။

(ခ) လျှောက်ထားသူ၊ တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်သည် နှစ်စဉ်ကြေးပေးသွင်းမှု နောက်ကျခြင်းအတွက် နှစ်စဉ်ကြေးပေးသွင်းရန် သတ်မှတ်သည့်ရက် ကုန်ဆုံးသည့် နောက်တစ်ရက်မှ ခြောက်လအတွင်း သတ်မှတ်ထားသော နှစ်စဉ်ကြေးနှင့် ရက်လွန်ကြေးပေးသွင်းပြီးကြောင်း အထောက်အထားပူးတွဲ၍ နှစ်စဉ်ကြေးပေးသွင်းခြင်းပုံစံ PT/UM - 12 ဖြင့် ဦးစီးဌာနသို့ တင်ပြရမည်။

၆၈။ မှတ်ပုံတင်အရာရှိသည် နှစ်စဉ်ကြေးပေးသွင်းခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ရမည်။

၆၉။ မှတ်ပုံတင်အရာရှိသည် -

(က) လျှောက်ထားသူ၊ တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်က နှစ်စဉ်ကြေးကို နည်းဥပဒေ ၆၇ နည်းဥပဒေခွဲ (ခ) ပါသတ်မှတ်ကာလအတွင်း ပေးသွင်းခြင်းမရှိလျှင် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ဖြစ်စေ၊ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ဖြစ်စေ ပျက်ပြယ်စေရမည်။

(ခ) ပျက်ပြယ်သွားသည့် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ကိုဖြစ်စေ၊ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကိုဖြစ်စေ မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး နည်းဥပဒေ ၁၂၅ ပါနည်းလမ်းဖြင့် ထုတ်ပြန်ကြေညာရမည်။

(ဂ) နှစ်စဉ်ကြေးပေးသွင်းမှုမရှိခြင်းသည် ခိုင်လုံပြီး အခြားသူများ၏ အခွင့်အရေးများကို ထိခိုက်ခြင်း မရှိဟု ယူဆလျှင် အခကြေးငွေပေးသွင်းရမည့် ကာလကျော်လွန်ပြီးနောက် တစ်နှစ်မကုန်ဆုံးမီအချိန်အတွင်း ပျက်ပြယ်သွားသော တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ကို ထုတ်ပြန်ကြေညာခြင်းမပြုဘဲ ထိန်းသိမ်းထားနိုင်သည်။

## အခန်း(၁၄)

## အခွင့်အရေးများ ပြန်လည်ပေးအပ်ခြင်း

၇၀။ လျှောက်ထားသူ၊ တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်သည် သတ်မှတ်သည့် အချိန်ကာလအတွင်း လုပ်ငန်းစဉ်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်

ခဲ့ပြီး အဆိုပါပျက်ကွက်မှုကြောင့် သက်ဆိုင်ရာ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်လျှောက်ထား ချက်နှင့်စပ်လျဉ်းသည့် အခွင့်အရေးဆုံးရှုံးမှု ဖြစ်ပေါ်စေမည်ဆိုပါက သတ်မှတ်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုအပေါ် ခိုင်လုံသောအကြောင်းပြချက်ကိုဖော်ပြပြီး အခကြေးငွေပေးသွင်းပြီးကြောင်း အထောက်အထားပူးတွဲ၍ စွန့်လွှတ်ခံရသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အခွင့်အရေးများ ပြန်လည်ပေးအပ်ရန် လျှောက်ထားခြင်းပုံစံ PT/UM – 13 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၇၁။ ဥပဒေပုဒ်မ ၄၈ တွင် ပြဋ္ဌာန်းထားသော ကာလသတ်မှတ်ရက် ကျော်လွန်သွားသည့် ကိစ္စရပ်တွင် လျှောက်ထားသူ၊ တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် ပိုင်ရှင်သည် သတ်မှတ်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုအပေါ် ခိုင်လုံသော အကြောင်းပြချက်ကို ဖော်ပြပြီး အခကြေးငွေပေးသွင်းပြီးကြောင်း အထောက်အထားပူးတွဲ၍ စွန့်လွှတ်ခံရသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အခွင့်အရေးများ ပြန်လည်ပေးအပ်ရန်လျှောက်ထားခြင်းပုံစံ PT/UM – 13 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၇၂။ နည်းဥပဒေ ၇၀ နှင့် နည်းဥပဒေ ၇၁ တို့အရ လျှောက်ထားရာတွင် သတ်မှတ်သည့်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုနှင့်စပ်လျဉ်းသည့် လိုအပ်ချက်များ၊ သတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်းချက်များကို ပူးတွဲ တင်ပြရမည်။

၇၃။ မှတ်ပုံတင်အရာရှိသည် အခွင့်အရေးများ ပြန်လည်ပေးအပ်ရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ -

(က) အချက်အလက်၊ အထောက်အထားများ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် လျှောက်ထားသူ၊ တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် ပိုင်ရှင်ထံ အကြောင်းကြားရမည်။

(ခ) လျှောက်ထားသူ၊ တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် ပိုင်ရှင်က နည်းဥပဒေခွဲ(က)အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိလျှင် အဆိုပါလျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) အချက်အလက်၊ အထောက်အထားများ ပြည့်စုံကြောင်းတွေ့ရှိလျှင် လျှောက်ထားသူ၊ တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်ထံ အခွင့်အရေးများ ပြန်လည် ပေးအပ်နိုင်သည်။

**အခန်း (၁၅)**

**အခွင့်အရေး လွှဲပြောင်းခြင်းကို မှတ်တမ်းတင်ခြင်း**

၇၄။ တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ရရှိသူကဖြစ်စေ၊ တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်ကဖြစ်စေ၊ လွှဲပြောင်းခြင်းကို လက်ခံသူကဖြစ်စေ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းကို ဥပဒေ ပုဒ်မ ၅၆ ပုဒ်မခွဲ (ခ)အရ မှတ်တမ်းတင်ပေးရန် အခကြေးငွေပေးသွင်းပြီးကြောင်း အထောက်အထားပူးတွဲ၍ အခွင့်အရေးပိုင်ဆိုင်မှု လွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းပုံစံ PT/UM – 14 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၇၅။ မှတ်ပုံတင်အရာရှိသည် နည်းဥပဒေ ၇၄ အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍-

(က) အချက်အလက်၊ အထောက်အထားများ ပြည့်စုံမှုမရှိကြောင်းတွေ့ရှိလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ရရှိသူထံဖြစ်စေ၊ တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်ထံဖြစ်စေ၊ လွှဲပြောင်းခြင်းကို လက်ခံသူထံဖြစ်စေ အကြောင်းကြားရမည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ရရှိသူကဖြစ်စေ၊ တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်ကဖြစ်စေ၊ လွှဲပြောင်းခြင်းကို လက်ခံသူကဖြစ်စေ နည်းဥပဒေခွဲ(က) အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိလျှင် အဆိုပါ လျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) အချက်အလက်၊ အထောက်အထားများ ပြည့်စုံကြောင်းတွေ့ရှိလျှင် ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်၍ တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ရရှိသူထံဖြစ်စေ၊ တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်ထံဖြစ်စေ၊ လွှဲပြောင်းခြင်းကို လက်ခံသူထံဖြစ်စေ အကြောင်းကြားပြီး နည်းဥပဒေ ၁၂၅ ပါနည်းလမ်းဖြင့် ထုတ်ပြန်ကြေညာရမည်။

၇၆။ နည်းဥပဒေ ၇၅ နည်းဥပဒေခွဲ(ဂ) အရ ထုတ်ပြန်ကြေညာရာတွင် အောက်ပါတို့ ပါဝင်ရမည်-

(က) တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်လက်မှတ်အမှတ်၊

(ခ) တီထွင်မှု သို့မဟုတ် အသေးစားတီထွင်မှုအမည်၊

(ဂ) လျှောက်ထားသူ၊ တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်နှင့် လွှဲပြောင်းခြင်းကို လက်ခံသူတို့၏ အမည်နှင့် လိပ်စာအပြည့်အစုံ၊

(ဃ) လွှဲပြောင်းခြင်းကို လက်ခံသူသည် ကိုယ်စားလှယ်လွှဲအပ်၍ လျှောက်ထားခြင်းဖြစ်လျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် လိပ်စာအပြည့်အစုံ၊ တီထွင်မှုမူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ်မှတ်ပုံတင်လက်မှတ်အမှတ် (ရှိလျှင်)၊

(င) ပိုင်ဆိုင်မှုလွှဲပြောင်းသည့် တီထွင်မှုမူပိုင်ခွင့်၏ တောင်းဆိုချက်နံပါတ်၊

(စ) ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းကို မှတ်တမ်းတင်သည့်နေ့ရက်။

၇၇။ (က) လျှောက်ထားသူသည် ဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ(က)အရ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို လွှဲပြောင်းခြင်းအား မှတ်တမ်းတင်ပေးရန် လျှောက်ထားရာတွင် နည်းဥပဒေ ၇၄ ပါ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန်လျှောက်ထားသည့်နည်းလမ်းအတိုင်း လျှောက်ထားရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ လျှောက်ထားရာတွင် မှတ်ပုံတင်အရာရှိသည် အချက်အလက်၊ အထောက်အထားများ ပြည့်စုံမှုမရှိ ကြောင်းတွေ့ရှိလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် လျှောက်ထားသူထံဖြစ်စေ၊ လွှဲပြောင်းခြင်းကို လက်ခံသူထံဖြစ်စေ အကြောင်းကြားရမည်။

(ဂ) လျှောက်ထားသူ သို့မဟုတ် လွှဲပြောင်းခြင်းကို လက်ခံသူက နည်းဥပဒေခွဲ(ခ) အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိလျှင် အဆိုပါ လျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဃ) မှတ်ပုံတင်အရာရှိသည် အချက်အလက်၊ အထောက်အထားများ ပြည့်စုံကြောင်း တွေ့ရှိလျှင် နည်းဥပဒေ ၃၄ အရ ထုတ်ပြန်ကြေညာခြင်းမပြုမီ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှု မူပိုင်ခွင့်လျှောက်ထားချက် လွှဲပြောင်းခြင်းကို မှတ်တမ်း

တင်ပေးရန် လျှောက်ထားခြင်းဖြစ်ပါက အဆိုပါ လွှဲပြောင်းခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ရမည်။

(င) မှတ်ပုံတင်အရာရှိသည် အချက်အလက်၊ အထောက်အထားများ ပြည့်စုံကြောင်း တွေ့ရှိလျှင် နည်းဥပဒေ ၃၄ အရ ထုတ်ပြန်ကြေညာပြီးနောက် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှု မူပိုင်ခွင့်လျှောက်ထားချက် လွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်း ဖြစ်ပါက အဆိုပါ လွှဲပြောင်းခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး နည်းဥပဒေ ၁၂၅ ပါ နည်းလမ်းဖြင့် ထုတ်ပြန်ကြေညာရမည်။ ယင်းသို့ ထုတ်ပြန်ကြေညာရာတွင် နည်းဥပဒေ ၇၆ ပါ အချက်များ အနက် သက်ဆိုင်သည့် အချက်များကို ဖော်ပြ၍ ထုတ်ပြန်ကြေညာရမည်။

## အခန်း (၁၆)

## ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ခြင်း

၇၈။ တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ရရှိသူကဖြစ်စေ၊ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူကဖြစ်စေ မှတ်ပုံတင်ထားသော တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစား တီထွင်မှု မူပိုင်ခွင့်ကို အသုံးပြုရန် စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ပေးရန် အခကြေးငွေပေးသွင်းပြီးကြောင်း အထောက်အထားပူးတွဲ၍ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းပုံစံ PT/UM – 15 ဖြင့် မှတ်ပုံတင် အရာရှိထံ လျှောက်ထားနိုင်သည်။

၇၉။ မှတ်ပုံတင်အရာရှိသည် နည်းဥပဒေ ၇၈ အရ လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ -

(က) အချက်အလက်၊ အထောက်အထားများ ပြည့်စုံမှု မရှိကြောင်းတွေ့ရှိလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် တီထွင်မှု မူပိုင်ခွင့်ရရှိသူ သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ရရှိသူထံဖြစ်စေ၊ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူထံဖြစ်စေ အကြောင်းကြားရမည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ရရှိသူကဖြစ်စေ၊ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူကဖြစ်စေ နည်းဥပဒေခွဲ (က)အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိလျှင် အဆိုပါ လျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) အချက်အလက်၊ အထောက်အထားများ ပြည့်စုံကြောင်းနှင့် ဥပဒေပုဒ်မ ၆၂ ပါ အချက် တစ်ရပ်ရပ်နှင့် ငြိစွန်းမှုမရှိကြောင်း တွေ့ရှိလျှင် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို

မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်၍ တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် ရရှိသူထံဖြစ်စေ၊ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူထံဖြစ်စေ အကြောင်းကြားပြီး နည်းဥပဒေ ၁၂၅ ပါ နည်းလမ်းဖြင့် ထုတ်ပြန်ကြေညာရမည်။

(ဃ) နည်းဥပဒေခွဲ(ဂ)အရ မှတ်တမ်းတင်သည့် မှတ်ပုံတင်စာရင်းကို သီးခြားထိန်းသိမ်းရမည်။

၈၀။ နည်းဥပဒေ ၇၉ နည်းဥပဒေခွဲ (ဂ) အရ ထုတ်ပြန်ကြေညာရာတွင် အောက်ပါတို့ပါဝင်ရမည်-

(က) တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်လက်မှတ်အမှတ်၊

(ခ) တီထွင်မှု သို့မဟုတ် အသေးစားတီထွင်မှုအမည်၊

(ဂ) တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ရရှိသူနှင့် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူတို့၏ အမည်နှင့် လိပ်စာအပြည့်အစုံ၊

(ဃ) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူသည် ကိုယ်စားလှယ်လွှဲအပ်၍ လျှောက်ထားခြင်းဖြစ်လျှင် ကိုယ်စားလှယ်၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် လိပ်စာအပြည့်အစုံ၊ တီထွင်မှုမူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ်မှတ်ပုံတင်လက်မှတ်အမှတ် (ရှိလျှင်)၊

(င) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းတွင် သီးသန့်မူပိုင် လုပ်ကိုင်ခွင့်ပေးခြင်း (Exclusive License)၊ သီးသန့်မူပိုင်မဟုတ်သည့် လုပ်ကိုင်ခွင့်ပေးခြင်း (Non-exclusive License) သို့မဟုတ် တစ်ဦးတည်းလုပ်ကိုင်ခွင့်ပေးခြင်း (Sole License)အတွက် ဖော်ပြချက်၊

(စ) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးသည့် နေ့ရက်နှင့် သက်တမ်း၊

(ဆ) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းအား မှတ်တမ်းတင်သည့်နေ့ရက်။

## အခန်း (၁၇)

## ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းအား မှတ်တမ်းတင်ခြင်းကို ပယ်ဖျက်ခြင်း

၈၁။ တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ရရှိသူကဖြစ်စေ၊ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူကဖြစ်စေ မှတ်ပုံတင်အရာရှိထံတွင် မှတ်တမ်းတင်ထားသည့် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို ပယ်ဖျက်ရန် အခကြေးငွေပေးသွင်းပြီးကြောင်း အထောက်အထားပူးတွဲ၍ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းအား မှတ်တမ်းတင်ခြင်းကို ပယ်ဖျက်ပေးရန် လျှောက်ထားခြင်းပုံစံ PT/UM – 16 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၈၂။ မှတ်ပုံတင်အရာရှိသည် နည်းဥပဒေ ၈၁ အရ လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍-

(က) အချက်အလက်၊ အထောက်အထားများ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ရရှိသူထံဖြစ်စေ၊ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူထံဖြစ်စေ အကြောင်းကြားရမည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ရရှိသူကဖြစ်စေ၊ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူကဖြစ်စေ နည်းဥပဒေခွဲ(က)အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိလျှင် အဆိုပါ လျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) အချက်အလက်၊ အထောက်အထားများ ပြည့်စုံကြောင်း တွေ့ရှိလျှင် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းမှ ပယ်ဖျက်၍ တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ရရှိသူထံဖြစ်စေ၊ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူထံ ဖြစ်စေ အကြောင်းကြားပြီး နည်းဥပဒေ ၁၂၅ ပါနည်းလမ်းဖြင့် ထုတ်ပြန်ကြေညာရမည်။

၈၃။ နည်းဥပဒေ ၈၂ နည်းဥပဒေခွဲ(ဂ) အရ ထုတ်ပြန်ကြေညာရာတွင် အောက်ပါတို့ ပါဝင်ရမည်-

(က) တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်လက်မှတ်အမှတ်၊

(ခ) တီထွင်မှု သို့မဟုတ် အသေးစားတီထွင်မှုအမည်၊

(ဂ) တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ရရှိသူနှင့် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူတို့၏ အမည်နှင့် လိပ်စာအပြည့်အစုံ၊

(ဃ) တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ရရှိသူကဖြစ်စေ၊ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူကဖြစ်စေ ကိုယ်စားလှယ်လွှဲအပ်၍ လျှောက်ထားခြင်းဖြစ်လျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် လိပ်စာအပြည့်အစုံ၊ တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင်ကိုယ်စားလှယ် မှတ်ပုံတင်လက်မှတ်အမှတ် (ရှိလျှင်)၊

(င) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းမှ ပယ်ဖျက်သည့် တီထွင်မှုမူပိုင်ခွင့်၏ တောင်းဆိုချက်နံပါတ်၊

(စ) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းအား မှတ်တမ်းမှ ပယ်ဖျက်သည့်နေ့ရက်။

## အခန်း (၁၈)

## မလွှဲမသွေပေးရမည့်လိုင်စင်

၈၄။ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်သည် ဥပဒေ ပုဒ်မ ၆၅ ပုဒ်မခွဲ (က) ပါ အခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်နေသည့် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် နှင့်စပ်လျဉ်း၍ မလွှဲမသွေပေးရမည့်လိုင်စင်ကို မလွှဲမသွေပေးရမည့် လိုင်စင် လျှောက်ထားခြင်းပုံစံ PT/UM – 17 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၈၅။ (က) မလွှဲမသွေပေးရမည့်လိုင်စင် လျှောက်ထားရာတွင် လျှောက်ထားသူသည် တီထွင်မှု မူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ရှိသူထံ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့် ပေးရန် တောင်းဆိုခဲ့သော်လည်း ခြောက်လအတွင်း သင့်လျော်သော ကူးသန်းရောင်း ဝယ်ရေးဆိုင်ရာ စည်းကမ်းချက်များဖြင့် လုပ်ကိုင်ခွင့်မရရှိခဲ့ကြောင်း သက်သေခံ အထောက်အထားကို ပူးတွဲတင်ပြရမည်။

(ခ) အောက်ပါ အခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်ပါက နည်းဥပဒေခွဲ(က)ပါ သက်သေခံ အထောက်အထားကို ပူးတွဲတင်ပြရန်မလိုပါ-

(၁) နိုင်ငံတော်၏ အရေးပေါ်အခြေအနေ သို့မဟုတ် ချက်ချင်း ဆောင်ရွက်ရန် လိုအပ်သည့် ကိစ္စရပ်များ၊

(၂) စီးပွားရေးအကျိုးအမြတ်အတွက်မဟုတ်ဘဲ အများပြည်သူအတွက် အသုံး ပြုသည့် ကိစ္စရပ်များ၊

(၃) တရားစီရင်ရေး သို့မဟုတ် အုပ်ချုပ်ရေးလုပ်ငန်းစဉ်ဖြင့် ဆုံးဖြတ်ထားသည့် ယှဉ်ပြိုင်မှုပြုခြင်းကို ဆန့်ကျင်ခြင်းအား ကုစားရန် လိုအပ်သည့် ကိစ္စရပ်များ။

၈၆။ မှတ်ပုံတင်အရာရှိသည် မလွှဲမသွေပေးရမည့် လိုင်စင်လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ဥပဒေ အခန်း (၁၇) ပါ ပြဋ္ဌာန်းချက်များ၊ ဤအခန်းပါ သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းရှိ မရှိ စိစစ်၍ အေဂျင်စီထံ တင်ပြရမည်။

၈၇။ အေဂျင်စီသည် နည်းဥပဒေ ၈၆ အရ တင်ပြသည့် မလွှဲမသွေပေးရမည့် လိုင်စင် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီနည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၁၉)
## ပြန်လည်အပ်နှံခြင်း

၈၈။ တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် ရရှိသူသည် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ကိုဖြစ်စေ၊ တောင်းဆိုချက် သို့မဟုတ် တောင်းဆိုချက်များကို ဖြစ်စေ ယင်း၏ဆန္ဒအလျောက် ပြန်လည်အပ်နှံလိုပါက ပြန်လည်အပ်နှံရန် လျှောက်ထားခြင်းပုံစံ PT/UM – 18 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၈၉။ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ကို တစ်ဦးထက်ပိုသူများ ပိုင်ဆိုင်ပါက ယင်းတို့အချင်းချင်း အခြားနည်းဖြင့် သဘောတူညီချက် တစ်စုံတစ်ရာမရှိလျှင် ပြန်လည်အပ်နှံရန် သဘောတူကြောင်း ပူးတွဲတီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် အသေးစားတီထွင်မှု မူပိုင်ခွင့်ရရှိသူ အားလုံးက လက်မှတ်ရေးထိုးထားသော သဘောတူညီချက်ကို ပြန်လည်အပ်နှံရန် လျှောက်ထားခြင်း ပုံစံ PT/UM – 18 နှင့်အတူ တင်ပြရမည်။

၉၀။ မှတ်ပုံတင်အရာရှိသည် ပြန်လည်အပ်နှံရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ -

(က) အချက်အလက်၊ အထောက်အထားများ ပြည့်စုံမှုမရှိကြောင်းတွေ့ရှိလျှင် အကြောင်းကြားစာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ရရှိသူထံ အကြောင်းကြားရမည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ရရှိသူက နည်းဥပဒေခွဲ (က)အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိလျှင် အဆိုပါ လျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) အချက်အလက်၊ အထောက်အထားများ ပြည့်စုံကြောင်းတွေ့ရှိလျှင် အဆိုပါ ပြန်လည်အပ်နှံရန် တောင်းဆိုချက်ကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်၍ နည်းဥပဒေ ၁၂၅ ပါ နည်းလမ်းဖြင့် ထုတ်ပြန်ကြေညာရမည်။

၉၁။ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် ပြန်လည်အပ်နှံခြင်းသည် မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

## အခန်း (၂၀)
## ရုပ်သိမ်းခြင်း

၉၂။ သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းသည် ဥပဒေပုဒ်မ ၇၇ ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်းတွေ့ရှိပါက တီထွင်မှုမူပိုင်ခွင့်တစ်ခုလုံးကို သော်လည်းကောင်း၊

တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ရုပ်သိမ်းပေးရန်ဖြစ်စေ၊ ဥပဒေပုဒ်မ ၈၆ ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်းတွေ့ရှိပါက အသေးစားတီထွင်မှုမူပိုင်ခွင့်ကို ရုပ်သိမ်းပေးရန်ဖြစ်စေ အခကြေးငွေပေးသွင်းပြီးကြောင်း အထောက်အထားပူးတွဲ၍ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် ရုပ်သိမ်းပေးရန် လျှောက်ထားခြင်းပုံစံ PT/UM – 19 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၉၃။ ရုပ်သိမ်းပေးရန် လျှောက်ထားချက်သည် ဂျာနယ်၊ ဆောင်းပါး၊ စာအုပ်စသည့် ပုံနှိပ်ထုတ်ဝေချက်တို့ကို ကိုးကား၍ လျှောက်ထားခြင်းဖြစ်ပါက လျှောက်ထားချက်နှင့်အတူ အောက်ပါတို့ကို ပူးတွဲတင်ပြရမည်-

(က) ကိုးကားလိုသည့် သက်ဆိုင်ရာပုံနှိပ်ထုတ်ဝေချက် တစ်ခုချင်းစီ၏ အကျိုးအကြောင်းဖော်ပြချက်၊

(ခ) နည်းဥပဒေခွဲ (က)ပါ အထောက်အထားတစ်ခုချင်းစီ၏ အကြောင်းအရာ အကျဉ်းချုပ်ဖော်ပြချက်နှင့် ယင်းအထောက်အထားများ။

၉၄။ မှတ်ပုံတင်အရာရှိသည် ရုပ်သိမ်းပေးရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍-

(က) အချက်အလက်၊ အထောက်အထားများ ပြည့်စုံမှု မရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ခ) လျှောက်ထားသူက နည်းဥပဒေခွဲ (က)အရ သတ်မှတ်သည့် အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်း မရှိလျှင် အဆိုပါလျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) အချက်အလက်၊ အထောက်အထားများ ပြည့်စုံကြောင်းတွေ့ရှိလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ခုခံချေပချက်ကို သက်သေခံ အထောက်အထား မိတ္တူနှစ်စုံနှင့်အတူ တင်သွင်းရန် တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်ထံ အကြောင်းကြားရမည်။

(ဃ) တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်၏ ခုခံချေပချက်ကို လက်ခံရရှိပါက ယင်းခုခံချေပချက်နှင့် စပ်လျဉ်း၍ ထပ်မံတင်ပြရန်ရှိလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြန်လည်ချေပချက်နှင့် ခိုင်လုံသော သက်သေခံအထောက်အထားများ တင်ပြရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။

(င) ထပ်မံရှင်းလင်းချက်များ လိုအပ်သည်ဟု ယူဆလျှင် အကြောင်းကြားစာလက်ခံရရှိသည့် နေ့မှ ရက်ပေါင်း ၆၀ အတွင်း နောက်ထပ်အကြောင်းပြချက်များ သို့မဟုတ် အခြား စာရွက်စာတမ်းများ(ရှိလျှင်) တင်ပြရန် သက်ဆိုင်ရာပုဂ္ဂိုလ်များထံ အကြောင်းကြား နိုင်သည်။

(စ) လိုအပ်ပါက နှစ်ဦးနှစ်ဖက်ကို ဆင့်ခေါ်၍ မေးမြန်းနိုင်သည်။

(ဆ) လျှောက်ထားသည့် အကြောင်းပြချက်၊ တင်ပြသည့် သက်သေခံအထောက်အထားနှင့် စာရွက်စာတမ်းတို့ကို စိစစ်ပြီး ဥပဒေပုဒ်မ ၇၇ ပုဒ်မခွဲ (က)မှ (စ)အထိပါ အချက် တစ်ရပ်ရပ် သို့မဟုတ် ပုဒ်မ ၈၆ ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တွေ့ရှိပါက ရုပ်သိမ်းကြောင်း ဆုံးဖြတ်ရမည်။

(ဇ) လျှောက်ထားသူက မူပိုင်ခွင့်တရားရုံး၏ အပြီးသတ်ဆုံးဖြတ်ချက် သို့မဟုတ် စီရင် ချက်ပါ အကြောင်းပြချက်ဖြင့် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှု မူပိုင်ခွင့် ရုပ်သိမ်းပေးရန် လျှောက်ထားခြင်းဖြစ်ပါက စိစစ်၍ ရုပ်သိမ်းရမည်။

၉၅။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့် တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အသေးစားတီထွင်မှုမူပိုင်ခွင့်ကိုဖြစ်စေ ရုပ်သိမ်းပါက ယင်းသို့ ရုပ်သိမ်းကြောင်း မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး သက်ဆိုင်ရာတီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်ထံ အကြောင်းကြား၍ နည်းဥပဒေ ၁၂၅ ပါနည်းလမ်းဖြင့် ထုတ်ပြန်ကြေညာရမည်။

၉၆။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့် တစ်စိတ်တစ်ဒေသကို ရုပ်သိမ်းပေးရန် လျှောက်ထားချက်ကို ခွင့်ပြုရာတွင် သီးခြားတောင်းဆိုချက် အနည်းဆုံးတစ်ခု ကျန်ရှိရမည်။

၉၇။ တီထွင်မှုမူပိုင်ခွင့် တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အသေးစားတီထွင်မှု မူပိုင်ခွင့်ကိုဖြစ်စေ ရုပ်သိမ်းခြင်းသည် ယင်းတီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုသည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

၉၈။ တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်သည် တီထွင်မှုမူပိုင်ခွင့် တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အသေးစားတီထွင်မှုမူပိုင်ခွင့်ကိုဖြစ်စေ ရုပ်သိမ်း ခြင်းခံရလျှင် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးထားပါက ယင်းသို့ ရုပ်သိမ်းခြင်းခံရကြောင်း ခွင့်ပြု ချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူထံ အကြောင်းကြားရမည်။

၉၉။ နည်းဥပဒေ ၉၅ အရ ထုတ်ပြန်ကြေညာရာတွင် အောက်ပါတို့ ပါဝင်ရမည်-

(က) တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှု မူပိုင်ခွင့်လက်မှတ်အမှတ်၊

(ခ) တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်၏ အမည်နှင့် လိပ်စာအပြည့်အစုံ၊

(ဂ) ကိုယ်စားလှယ်လွှဲအပ်၍ လျှောက်ထားခြင်းဖြစ်လျှင် ကိုယ်စားလှယ်၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့်လိပ်စာအပြည့်အစုံ၊ တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင် ကိုယ်စားလှယ်မှတ်ပုံတင်လက်မှတ်အမှတ် (ရှိလျှင်)၊

(ဃ) ရုပ်သိမ်းရသည့် အကြောင်းအရင်း၊

(င) ရုပ်သိမ်းသည့် တီထွင်မှုမူပိုင်ခွင့်၏ တောင်းဆိုချက်နံပါတ်။

## အခန်း (၂၁)
## ကိုယ်စားလှယ်လွှဲအပ်ခြင်း

၁၀၀။ (က) လျှောက်ထားသူ၊ ကန့်ကွက်သူ၊ အခွင့်အရေးရရှိသူ၊ အကျိုးသက်ဆိုင်သူ သို့မဟုတ် အယူခံလျှောက်ထားသူသည် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှု မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရန် ကိုယ်စားလှယ် လွှဲအပ်နိုင်သည်။

(ခ) လျှောက်ထားသူ၊ ကန့်ကွက်သူ၊ အခွင့်အရေးရရှိသူ၊ အကျိုးသက်ဆိုင်သူ သို့မဟုတ် အယူခံလျှောက်ထားသူ၏ အမြဲတမ်းနေထိုင်သည့်နေရာ သို့မဟုတ် လုပ်ငန်းတည်ရှိရာ ပင်မနေရာသည် နိုင်ငံတော်၏ နယ်နိမိတ်ပြင်ပတွင်ဖြစ်ပါက ကိုယ်စားလှယ် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ်မှတစ်ဆင့် လျှောက်ထားနိုင်သည်။

၁၀၁။ လျှောက်ထားသူ၊ ကန့်ကွက်သူ၊ အခွင့်အရေးရရှိသူ၊ အကျိုးသက်ဆိုင်သူ သို့မဟုတ် အယူခံလျှောက်ထားသူသည် ကိုယ်စားလှယ်လွှဲအပ်၍ ဆောင်ရွက်မည်ဆိုပါက နိုင်ငံတော်အတွင်းနေထိုင်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားသည့် အသက် ၁၈ နှစ်ပြည့်ပြီးသူကို ကိုယ်စားလှယ် လွှဲအပ်လွှာပုံစံ PT/UM – 2 ဖြင့် လွှဲအပ်ရမည်။

၁၀၂။ ကိုယ်စားလှယ်လွှဲအပ်ဆောင်ရွက်ရာတွင် ကိုယ်စားလှယ်တစ်ဦးထက်ပို၍ လွှဲအပ်နိုင်သည်။ ယင်းသို့ လွှဲအပ်ရာတွင် လျှောက်ထားချက်၌ ဆက်သွယ်ဆောင်ရွက်ရမည့် ကိုယ်စားလှယ်တစ်ဦး၏ အမည်နှင့် အချက်အလက်များကို ဖော်ပြရမည်။ ကျန်ကိုယ်စားလှယ်များ၏ အမည်နှင့် အချက်အလက် များကို ပုံစံတွင် နောက်ဆက်တွဲ-၃ ဖြင့် ပူးတွဲတင်ပြရမည်။

၁၀၃။ လျှောက်ထားသူ၊ ကန့်ကွက်သူ၊ အခွင့်အရေးရရှိသူ၊ အကျိုးသက်ဆိုင်သူ သို့မဟုတ် အယူခံ လျှောက်ထားသူသည် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်

အပါအဝင် မည်သည့်လျှောက်ထားချက်တွင်မဆို ကိုယ်စားလှယ်လွှဲအပ်၍ ဆောင်ရွက်လျှင် ကိုယ်စားလှယ် လွှဲအပ်လွှာပုံစံ PT/UM – 2 ကို ပူးတွဲတင်ပြရမည်။

၁၀၄။ (က) ကိုယ်စားလှယ်ဖြင့် လွှဲအပ်ဆောင်ရွက်ခြင်းဖြစ်လျှင် မှတ်ပုံတင်အရာရှိသည် ဆောင်ရွက်မည့် ကိစ္စများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်ထံသို့သာ ဆက်သွယ်ဆောင်ရွက်ရမည်။

(ခ) လွှဲအပ်ခံရသည့်ကိုယ်စားလှယ်က မှတ်ပုံတင်အရာရှိထံ ဆက်သွယ်ဆောင်ရွက်သည့် မည်သည့်ဆောင်ရွက်ချက်ကိုမဆို ကိုယ်စားလှယ်လွှဲအပ်သူက ဆောင်ရွက်သကဲ့သို့ မှတ်ယူရမည်။

(ဂ) ကိုယ်စားလှယ်တစ်ဦးထက်ပို၍ လွှဲအပ်ထားလျှင် မှတ်ပုံတင်အရာရှိသည် လျှောက်ထားချက်တွင် ရေးသားဖော်ပြသည့် ကိုယ်စားလှယ်ကိုသာ ကိုယ်စားလှယ် အဖြစ် ဆက်သွယ်ဆောင်ရွက်ရမည်။

၁၀၅။ ကိုယ်စားလှယ်လွှဲအပ်ခြင်းမရှိလျှင်ဖြစ်စေ၊ ကိုယ်စားလှယ်လွှဲအပ်ခြင်းနှင့်စပ်လျဉ်း၍ ဤနည်း ဥပဒေများပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိလျှင်ဖြစ်စေ မှတ်ပုံတင်အရာရှိသည် မည်သည့် ဆက်သွယ်ဆောင်ရွက်ချက်ကိုမဆို လျှောက်ထားသူ၊ ကန့်ကွက်သူ၊ အခွင့်အရေးရရှိသူ၊ အကျိုးသက် ဆိုင်သူ သို့မဟုတ် အယူခံလျှောက်ထားသူကိုသာ ဆက်သွယ်ဆောင်ရွက်ရမည်။

၁၀၆။ ကိုယ်စားလှယ်လွှဲအပ်သူသည် ကိုယ်စားလှယ်အမည်ကို မည်သည့်အချိန်တွင်မဆို ပယ်ဖျက် ပေးရန် သို့မဟုတ် ပြောင်းလဲပေးရန် အခကြေးငွေပေးသွင်းပြီးကြောင်း အထောက်အထားပူးတွဲ၍ ကိုယ်စားလှယ်လွှဲအပ်ခြင်းကို ပယ်ဖျက်ပေးရန် သို့မဟုတ် ပြောင်းလဲပေးရန် လျှောက်ထားခြင်းပုံစံ PT/UM – 20 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၁၀၇။ နည်းဥပဒေ ၁၀၆ အရ လျှောက်ထားချက်ကို မှတ်ပုံတင်အရာရှိက လက်ခံရရှိသည့်နေ့မှစ၍ ကိုယ်စားလှယ်အမည် ပယ်ဖျက်ခြင်း သို့မဟုတ် ပြောင်းလဲခြင်းသည် အကျိုးသက်ရောက်စေရမည်။

၁၀၈။ မှတ်ပုံတင်အရာရှိသည် ကိုယ်စားလှယ်အမည် ပယ်ဖျက်ခြင်း သို့မဟုတ် ပြောင်းလဲခြင်းကို ယင်းသို့ ပယ်ဖျက်ခြင်း သို့မဟုတ် ပြောင်းလဲခြင်းခံရသည့် ကိုယ်စားလှယ်ထံ အကြောင်းကြားရမည်။

## အခန်း (၂၂)
## တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင်ကိုယ်စားလှယ် မှတ်ပုံတင်လျှောက်ထားခြင်း

၁၀၉။ မည်သူမဆို တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင်ကိုယ်စားလှယ်အဖြစ် မှတ်ပုံတင်လိုပါက အခကြေး ငွေပေးသွင်းပြီးကြောင်း အထောက်အထားပူးတွဲ၍ တီထွင်မှုမူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ် မှတ်ပုံတင်လျှောက်ထားခြင်းပုံစံ PT/UM – 21 ဖြင့်မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၁၁၀။ တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင်ကိုယ်စားလှယ်အဖြစ် မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီရမည်-

(က) အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ကိုင်ဆောင်ထားသူ၊

(ခ) မြန်မာနိုင်ငံတွင် နေထိုင်သော နိုင်ငံသားဖြစ်သူ၊

(ဂ) အင်ဂျင်နီယာ၊ သိပ္ပံ သို့မဟုတ် ဥပဒေဘာသာရပ်တစ်ခုခုဖြင့် ဘွဲ့ရရှိထားသူ၊

(ဃ) မူပိုင်ခွင့်ဦးစီးဌာနက အသိအမှတ်ပြုထားသော တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ ဘာသာရပ် သင်တန်းမှ သင်တန်းအောင်လက်မှတ် ရရှိထားသူ၊

(င) မူပိုင်ခွင့်ဦးစီးဌာနက ဖွင့်လှစ်သော တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင် ကိုယ်စားလှယ် ဆိုင်ရာ သင်တန်းတက်ရောက် အောင်မြင်ပြီးသူ။

၁၁၁။ အောက်ပါပုဂ္ဂိုလ်တို့သည် တီထွင်မှုမူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ်အဖြစ် မှတ်ပုံတင် လျှောက်ထားခွင့်မရှိစေရ-

(က) ကိုယ်ကျင့်တရား ပျက်ယွင်းရာရောက်သည့် ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရဖူးသူ၊

(ခ) လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံး၏ ကြေညာခြင်းခံရသူ၊

(ဂ) စိတ်ပေါ့သွပ်သည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်း ခံရသူ၊

(ဃ) ရှေ့နေအဖြစ်မှ ထုတ်ပစ်ခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းခံရသူ၊

(င) စာရင်းလုပ်ငန်းလုပ်ကိုင်သူမှတ်ပုံတင်လက်မှတ် ရုပ်သိမ်းခြင်းခံရသူ။

၁၁၂။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ်အဖြစ် မှတ်ပုံတင် ပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ -

(က) နည်းဥပဒေ ၁၁၀ ပါ သတ်မှတ်ချက်များနှင့်ကိုက်ညီမှု ရှိ မရှိ စိစစ်ပြီး လိုအပ်သော သက်သေခံအထောက်အထားများကို တောင်းခံနိုင်သည်။

(ခ) နည်းဥပဒေ ၁၁၀ ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး နည်းဥပဒေ ၁၁၁ ပါအချက် တစ်ရပ်ရပ်နှင့် ငြိစွန်းခြင်းမရှိသူကို တီထွင်မှုမူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ် အဖြစ် မှတ်ပုံတင်ခွင့်ပြုရမည်။

(ဂ) နည်းဥပဒေ ၁၁၀ ပါသတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိလျှင် သို့မဟုတ် နည်းဥပဒေ ၁၁၁ ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းလျှင် ထိုသူကို တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင်ကိုယ်စားလှယ်အဖြစ် မှတ်ပုံတင်ခွင့်မပြုဘဲ ငြင်းပယ်ရမည်။

၁၁၃။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ်အဖြစ် မှတ်ပုံတင်ခွင့်ပြုလျှင် ကိုယ်စားလှယ် မှတ်ပုံတင်စာရင်းစာအုပ်တွင် မှတ်တမ်းတင်၍ တီထွင်မှုမူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ်မှတ်ပုံတင်လက်မှတ် ထုတ်ပေးပြီး နည်းဥပဒေ ၁၂၅ ပါ နည်းလမ်းဖြင့် ထုတ်ပြန်ကြေညာရမည်။

၁၁၄။ တီထွင်မှုမူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ်သည် တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင်ကိုယ်စားလှယ် မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

၁၁၅။ (က) တီထွင်မှုမူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ် မှတ်ပုံတင်လက်မှတ် သက်တမ်းသည် သုံးနှစ် ဖြစ်သည်။

(ခ) မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးလိုသည့် တီထွင်မှုမူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ်သည် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၉၀ အတွင်း အခကြေးငွေပေးသွင်း၍ တီထွင်မှုမူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ် မှတ်ပုံတင်သက်တမ်းတိုးပေးရန် လျှောက်ထားခြင်းပုံစံ PT/UM-22 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၁၁၆။ နည်းဥပဒေ ၁၁၅ နည်းဥပဒေခွဲ(ခ) အရ သတ်မှတ်ကာလအတွင်း မှတ်ပုံတင်လက်မှတ်သက်တမ်းတိုး လျှောက်ထားခြင်းမရှိပါက သတ်မှတ်ကာလ ကုန်ဆုံးပြီးနောက် ရက်ပေါင်း ၆၀ အတွင်း သက်တမ်းတိုး အခကြေးငွေနှင့် ရက်လွန်ကြေးပေးသွင်း၍ သက်တမ်းတိုး လျှောက်ထားနိုင်သည်။

၁၁၇။ နည်းဥပဒေ ၁၁၅ နည်းဥပဒေခွဲ(ခ) သို့မဟုတ် နည်းဥပဒေ ၁၁၆ အရ မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးရန် လျှောက်ထားသည့် တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင် ကိုယ်စားလှယ်သည် မူပိုင်ခွင့်ဦးစီးဌာနက ဖွင့်လှစ်သော တီထွင်မှုမူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ်ဆိုင်ရာ မွမ်းမံသင်တန်းများမှ သင်တန်းအောင်လက်မှတ် အနည်းဆုံးတစ်ခု ရရှိထားသူ ဖြစ်ရမည်။

၁၁၈။ နည်းဥပဒေ ၁၁၅ နည်းဥပဒေခွဲ(ခ) နှင့် နည်းဥပဒေ ၁၁၆ တို့အရ သတ်မှတ်ကာလအတွင်း မှတ်ပုံတင်လက်မှတ် သက်တမ်းတိုး လျှောက်ထားခြင်းမရှိပါက တီထွင်မှုမူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ် မှတ်ပုံတင်လက်မှတ်သည် ပျက်ပြယ်စေရမည်။

၁၁၉။ မှတ်ပုံတင်အရာရှိသည် နည်းဥပဒေ ၁၁၅ နည်းဥပဒေခွဲ(ခ) သို့မဟုတ် နည်းဥပဒေ ၁၁၆ အရ မှတ်ပုံတင်သက်တမ်းတိုး လျှောက်ထားချက်ကို စိစစ်၍ နည်းဥပဒေ ၁၁၁ ပါအချက်များနှင့် ငြိစွန်းခြင်း မရှိသူ၊ မွမ်းမံသင်တန်း အနည်းဆုံးတစ်ခု တက်ရောက်အောင်မြင်ပြီးသူဖြစ်ပါက သက်တမ်းတိုးပေးရမည်။

၁၂၀။ မှတ်ပုံတင်အရာရှိသည် အောက်ဖော်ပြပါ အခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်ပါက တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင်ကိုယ်စားလှယ်၏ အမည်ကို ကိုယ်စားလှယ်မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်၍ မှတ်ပုံတင်လက်မှတ် ရုပ်သိမ်းရမည်-

(က) တီထွင်မှုမူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ပေးရန် ကိုယ်တိုင်တောင်းဆိုခြင်း၊

(ခ) ကိုယ်ကျင့်တရားပျက်ယွင်းရာရောက်သည့် ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခံရခြင်း၊

(ဂ) နည်းဥပဒေ ၁၁၈ အရ တီထွင်မှုမူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ် မှတ်ပုံတင်လက်မှတ်ပျက်ပြယ်ခြင်း၊

(ဃ) ၎င်းကိုယ်တိုင်ဖြစ်စေ၊ တစ်စုံတစ်ဦး၏ တိုင်တန်းချက်အရဖြစ်စေ တီထွင်မှုမူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ် မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိခြင်း။

၁၂၁။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ်အမည်ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်၍ မှတ်ပုံတင်လက်မှတ်ရုပ်သိမ်းပါက သက်ဆိုင်ရာပုဂ္ဂိုလ်ထံ အကြောင်းကြားပြီး နည်းဥပဒေ ၁၂၅ ပါ နည်းလမ်းဖြင့် ထုတ်ပြန်ကြေညာရမည်။

## အခန်း(၂၃)
## အထွေထွေ

၁၂၂။ (က) မည်သူမဆို ဥပဒေနှင့် ဤနည်းဥပဒေများအရ လျှောက်ထားရာတွင် ဝန်ကြီးဌာနက သတ်မှတ်သောပုံစံဖြင့် လျှောက်ထားရမည်။

(ခ) တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပေးသွင်းရမည့် အခကြေးငွေများကို အေဂျင်စီက ဗဟိုကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ထုတ်ပြန်သည့်အတိုင်း ပေးသွင်းရမည်။

၁၂၃။ မှတ်ပုံတင်အရာရှိသည် ဥပဒေအရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဆုံးဖြတ်ရာတွင် တစ်စုံတစ်ဦးအား ထိခိုက်နစ်နာစေမည်ဆိုပါက တင်ပြကြားနာခွင့်ပေးနိုင်ရန် ထိုသူအား အကြောင်းကြားရမည်။

၁၂၄။ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိက ချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ကို ထုတ်ပြန်ကြေညာသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အခကြေးငွေပေးသွင်းပြီးကြောင်း အထောက်အထားပူးတွဲ၍ အယူခံလျှောက်ထားခြင်းပုံစံ PT/UM – 23 ဖြင့် မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီ နည်းဥပဒေများပါ သတ်မှတ်ချက်များနှင့်အညီ အေဂျင်စီထံ အယူခံဝင်နိုင်သည်။

၁၂၅။ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို ထုတ်ပြန်ကြေညာရာတွင် ဦးစီးဌာန၏ အင်တာနက်စာမျက်နှာမှတစ်ဆင့် အီလက်ထရောနစ်နည်းဖြင့် ထုတ်ပြန်ကြေညာရမည်။

၁၂၆။ ဥပဒေ သို့မဟုတ် ဤနည်းဥပဒေများနှင့်အညီ မှတ်ပုံတင်အရာရှိထံ တင်ပြသော လျှောက်ထားချက်နှင့်အတူ ပူးတွဲပါရှိသည့် စာရွက်စာတမ်းများသည် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာ မဟုတ်သော စာရွက်စာတမ်းများဖြစ်ပါက မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုပေးရမည်။ မှတ်ပုံတင်အရာရှိကတောင်းဆိုလျှင် လျှောက်ထားသူသည် မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့လည်းကောင်း၊ အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့လည်းကောင်း ဘာသာပြန်ဆို၍ လျှောက်ထားသူ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်က လက်မှတ်ရေးထိုးရမည်။

၁၂၇။ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားခြင်းကို ထုတ်ပြန်ကြေညာပြီးနောက် မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသည့် အချက်အလက် သို့မဟုတ် စာရွက်စာတမ်းများကို အများပြည်သူမှ မိတ္တူကူးယူလိုပါက အခကြေးငွေပေးသွင်းပြီးကြောင်း အထောက်အထား ပူးတွဲ၍ မှတ်ပုံတင်စာရင်းရှိ အချက်အလက်၊ စာရွက်စာတမ်းများကို မိတ္တူကူးယူခွင့်လျှောက်ထားခြင်းပုံစံ PT/UM – 24 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။ သီးခြားထိန်းသိမ်းထားသည့် မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသည့် အချက်အလက် သို့မဟုတ် စာရွက်စာတမ်းများကို မိတ္တူကူးယူလိုပါက တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ရရှိသူနှင့် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူတို့၏ စာဖြင့်ရေးသားထားသော ခွင့်ပြုချက်ကို ပူးတွဲတင်ပြရမည်။

၁၂၈။ (က) မည်သည့်အချိန်ကာလကိုမဆို နှစ်အလိုက် ကာလသက်တမ်းကုန်ဆုံးခြင်းကို တွက်ချက်ရာတွင် အချိန်ကာလ စတင်ပေးသည့်နေ့ရက်မှစ၍ ရေတွက်ရမည်။

(ခ) မည်သည့်အချိန်ကာလကိုမဆို လအလိုက် ကာလသက်တမ်းကုန်ဆုံးခြင်းကို တွက်ချက်ရာတွင် အချိန်ကာလ စတင်ပေးသည့်လမှစ၍ ရေတွက်ရမည်။ တစ်လနှင့်တစ်လ ရက်ပေါင်း ကွာခြားမှုရှိသဖြင့် တွက်ချက်ရာတွင် လအသီးသီး၏ နောက်ဆုံးရက်ကိုသာ သက်တမ်းကုန်ဆုံးသည်ဟု မှတ်ယူရမည်။

၁၂၉။ (က) နည်းဥပဒေ ၁၅ နှင့် နည်းဥပဒေ ၁၇ တို့ပါကိစ္စရပ်များမှအပ ဥပဒေနှင့် ဤနည်းဥပဒေများပါ ကိစ္စတစ်ရပ်ရပ် သို့မဟုတ် လုပ်ငန်းစဉ်တစ်ရပ်ရပ် ဆောင်ရွက်ရန် လျှောက်ထားသူက ဤနည်းဥပဒေများအရ သတ်မှတ်ထားသည့် အချိန်ကာလ မကုန်ဆုံးမီ အချိန်ကာလ ထပ်မံတိုးမြှင့်ပေးရန် လျှောက်ထားလိုပါက ခိုင်လုံသော အကြောင်းပြချက်ဖြင့် အခကြေးငွေပေးသွင်းပြီးကြောင်း အထောက်အထားပူးတွဲ၍ အချိန်ကာလ တိုးမြှင့်ပေးရန် လျှောက်ထားခြင်းပုံစံ PT/UM – 25 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) မှတ်ပုံတင်အရာရှိသည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး အကြောင်းပြချက်ခိုင်လုံပါက အချိန်ကာလထပ်မံတိုးမြှင့်ပေးရမည်။ ထပ်မံတိုးမြှင့်ပေးသောအချိန်ကာလသည် တစ်ကြိမ်လျှင် ရက်ပေါင်း ၆၀ ဖြင့် အများဆုံးသုံးကြိမ်အထိသာ ခွင့်ပြုနိုင်သည်။

(ဂ) နည်းဥပဒေခွဲ(ခ)အရ မှတ်ပုံတင်အရာရှိက အချိန်ကာလ တိုးမြှင့်ခွင့်ပြုပြီးလျှင် ဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များကဲ့သို့သော ကြိုတင်မမျှော်မှန်းနိုင်သည့် အထူးကိစ္စရပ်များအတွက် ရက်ပေါင်း ၃၀ ဖြင့်တစ်ကြိမ် သက်တမ်းတိုးမြှင့်ပေးခြင်းမှတစ်ပါး နောက်ထပ်အချိန်ကာလ တိုးမြှင့်ပေးခြင်းမပြုရ။

၁၃၀။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်နှင့် စပ်လျဉ်း၍-

(က) ဝန်ကြီးဌာနက သတ်မှတ်ထုတ်ပြန်သော ပုံစံများကို အများပြည်သူ သိရှိအသုံးပြု ဆောင်ရွက်နိုင်ရန် ဦးစီးဌာန၏ အင်တာနက်စာမျက်နှာမှတစ်ဆင့် ကြေညာရမည်။

(ခ) အေဂျင်စီက ဗဟိုကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ထုတ်ပြန်သော အခကြေးငွေများနှင့် ဦးစီးဌာနက သတ်မှတ်သည့် အခကြေးငွေပေးသွင်းရမည့် နည်းလမ်းများကို အများပြည်သူ သိရှိအသုံးပြု ဆောင်ရွက်နိုင်ရန် ဦးစီးဌာန၏ အင်တာနက်စာမျက်နှာမှတစ်ဆင့် ကြေညာရမည်။

၁၃၁။ မည်သူမဆို ဦးစီးဌာနသို့ ပေးသွင်းထားသည့် အခကြေးငွေများကို မည်သည့်အခြေအနေတွင်မျှ ပြန်လည်ရထိုက်ခွင့် မရှိစေရ။

(ပုံ)

ထွန်းအုံ

ပြည်ထောင်စုဝန်ကြီး

စာအမှတ် ၊ စက - ၁၄ / ၂ - ၃၇ / ၂၀၂၄ ( ၃၁ )

ရက်စွဲ ၊ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၄ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မူပိုင်ခွင့်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } **မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်။**

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
**(ညီနောင် အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)**

အမိန့်အရ

(signature) ၅.၆.၂၀၂၄

အောင်သွင်ဦး
ညွှန်ကြားရေးမှူးချုပ်